# ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်

သင်ခန်းစာ လေး

ပေါလုနှင့် ကောရိန္သုသြဝါဒစာ

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း.......................................................................................................... 1

နောက်ခံသမိုင်း................................................................................................ 3

တတိယသာသနာပြုခရီးစဉ် ......................................................................... 3

ကောရိန္သုမြို့ရှိပြဿနာများ .......................................................................... 5

ဆက်ဆံရေးပျက်စီးခြင်း............................................................................... 6

လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်း ................................................................ 9

ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း ............................................. 11

ပေါလု၏အခွင့်အာဏာကိုငြင်းပယ်ခြင်း............................................................13

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ.................................................................... 16

ကောရိန္သုဩဝါဒစာပဌမစောင် ..................................................................... 16

နှုတ်ဆက်ခြင်း (၁း၁-၃)..................................................................................16

ကျေးဇူးတော်ချီးမွမ်းခြင်း (၁:၄-၉)...................................................................17

နိဂုံး (၁၆း၁၃-၂၄).........................................................................................17

အဓိကကိုယ်ထည် (၁:၁၀–၁၆:၁၂) ......................................................................17

ကောရိန္သုဩဝါဒစာဒုတိယစောင် ................................................................. 25

နှုတ်ဆက်ခြင်း (၁:၁၊ ၂)...................................................................................26

နိဒါန်း (၁း၃-၁၁) ...........................................................................................26

နိဂုံး (၁၃း၁၁-၁၄) ..........................................................................................27

အဓိကကိုယ်ထည် (၁:၁၂–၁၃:၁၀) .....................................................................27

ဓမ္မပညာဆိုင်ရာ အမြင်များ ....................................................................... 31

ယုံကြည်ခြင်း ............................................................................................. 34

ခရစ်တော်သည် အရှင်သခင်ဖြစ်သည် .............................................................34

ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်သည်...........................................................36

မျှော်လင့်ချက် ............................................................................................ 39

ချစ်ခြင်းမေတ္တာ........................................................................................... 41

နိဂုံး ........................................................................................................... 45





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

Aesop ဟုခေါ်သော ရှေးဂရိဒဏ္ဍာရီများကို ကျွန်ုပ်တို့အများစုရင်းနှီးကြသည်။ "လိပ်နှင့် ယုန်" ဒဏ္ဍာရီတစ်ခုတွင်၊ ယုန်တစ်ကောင်က သူသည် တိရိစ္ဆာန်အားလုံးတွင် အလျင်မြန်ဆုံးဖြစ်ကြောင်း အမြဲတစေ ကြွားဝါခဲ့သည်။ ထို့ကြောင့် ယုန်၏မာနထောင်လွှားမှုကိုငြီးငွေ့လာသောကြောင့်၊ လိပ်တစ်ကောင်သည် အပြေးပြိုင်ရန် သူ့ကိုစိန်ခေါ် ခဲ့သည်။ ယခု ယုန်နိုင်မည်မှာရှင်းလင်းပါသည်၊ သို့သော်သူသည် သူနိုင်မည်အလွန်သေချာနေသောကြောင့် သူ၏ကြီးမားသော စွမ်းရည်များကိုဂုဏ်ယူစွာဖြင့်၊ ပြိုင်ပွဲအလယ်တွင် တစ်ရေးတစ်မော အိပ်ပျော်သွားခဲ့သည်။ ယုန်အိပ်နေစဉ်တွင်၊ လိပ်သည်ပန်းဝင်မျဉ်းကို ယုန်၏ရှေ့မှဖြတ်ကျော်နိုင်ခဲ့သည်။

ပထမရာစုအတွင်း ကောရိန္သုမြို့တွင်နေထိုင်သော ခရစ်ယာန်များစွာသည် Aesop ၏ဒဏ္ဍာရီပုံပြင်နှင့်အချို့သောအရာများတွင် တူညီသည်။ ယုန်သည် ပြိုင်ပွဲမပြီးမီတွင် မိမိကိုယ်ကိုအောင်နိုင်သူဟု ထင်မှတ်သကဲ့သို့၊ ကောရိန္သုအသင်းတော်မှ အများအပြားသည် ၎င်းတို့၏ခရစ်ယာန်အသက်တာပြိုင်ပွဲ မပြီးဆုံးမီတွင် မိမိတို့ကိုယ်ကို အောင်နိုင်သူများအဖြစ် ယူဆခဲ့ကြသည်။ ၎င်းတို့၏ မြေကြီးဆိုင်ရာကြွယ်ဝခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အဆင့်အတန်းနှင့် အထူးဝိညာဉ်ဆုကျေးဇူးများအားဖြင့် သခင်ဘုရားသည်သူတို့အား အခြားသူများထက် သာလွန်စေသည်ဟု ယုံကြည်ရန်လှည့်ဖြားခဲ့သည်။ မြေကြီးဆိုင်ရာဘဏ္ဍာ၊ လူမှုရေးအဆင့်အတန်း၊ ကြီးကျယ်ခမ်းနားသောဆုကျေးဇူးများနည်းပါးသော အခြားခရစ်ယာန်များကို ကိုယ်တော်ကောင်းချီးမင်္ဂလာပေးသည်ထက်၊ နိုင်ငံတော်ဆုကျေးဇူးများဖြင့် ဘုရားသခင်သည် သူတို့ကို သာ၍ကောင်းချီးမင်္ဂလာပေးခဲ့သည်ဟု သူတို့ယူဆခဲ့ကြသည်။ တမန်တော်ပေါလုက ခရစ်ယာန်အသက်တာ၏အပြေးပြိုင်ပွဲတွင် သူတို့ဆုံးရှုံးရမည့်အန္တရာယ်ရှိနေကြောင်း သတိပေးခဲ့သည်။

ဤသည်မှာ *ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်* အခန်းဆက်သင်ခန်းစာတွင် စတုတ္ထမြောက်သင်ခန်းစာဖြစ်သည်။ “ပေါလုနှင့် ကောရိန္သုဩဝါဒစာ” ဟု ကျွန်ုပ်တို့ ခေါင်းစဉ်တပ်ထားသည်။ ယခုဤသင်ခန်းစာ၊ ကောရိန္သုဩဝါဒစာပဌမစောင်နှင့် ဒုတိယစောင်ဟုသိကြသော သူ၏စာများတွင် ပေါလုသည် ဤဝါကြွားသောခရစ်ယာန်များနှင့်ပတ်သက်၍ မည်သို့ပြောဆိုခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။ ပေါလုသည် ကောရိန္သုအသင်းတော်ရှိ သီးခြားပြဿနာများစွာကို ဖော်ပြခဲ့သော်လည်း၊ ပြဿနာများ၏ အဓိကအရင်းအမြစ်ကို အာရုံစိုက်ခဲ့သည်_ အချို့တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်အသက်တာ၏ပန်းဝင်မျဉ်းကို ဖြတ်ကျော်ပြီးပြီဟူ၍ မှားယွင်းစွာယုံကြည်နေကာ၊ လက်တွေ့တွင် အပြေးပြိုင်နေဆဲဖြစ်သည်။

ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်မှာ သူ၏နောက်ဆုံးသောကာလဖြစ်ကြောင်း ဤအခန်းဆက်သင်ခန်းစာ၏အစောပိုင်းတွင် ကျွန်ုပ်တို့လေ့လာခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ယေရှုသည် ဣသရေလလူမျိုး၏မေရှိယဖြစ်ပြီး၊ ကိုယ်တော်သည် နောက်ဆုံးသောနေ့ရက်များ သို့မဟုတ် ဘုရားသခင့်နိုင်ငံတော်၏နောက်ဆုံးသောကာလကို မြေကြီးပေါ်ယူဆောင်လာကြောင်း ပေါလုသွန်သင်ခဲ့သည်။ ပေါလုခေတ်ရှိ သစ္စာရှိယုဒလူမျိုးများသည် မေရှိယကြွလာသောအခါ၊ နောက်ဆုံးသောကာလ၏ပြည့်စုံမှုကို ယူဆောင်ခြင်းအားဖြင့်၊ ကိုယ်တော်သည်ဘုရားသခင်၏ဖန်ဆင်းခြင်းရည်ရွယ်ချက်အားလုံးကို ပြည့်စုံစေမည်ဟု ယုံကြည်ကြသည်။ သို့သော် ပေါလုသည် ယေရှု၏သွန်သင်ချက်ကိုလိုက်နာပြီး၊ ကိုယ်တော်၏ပထမကြွဆင်းလာခြင်းတွင်၊ ခရစ်တော်သည် နောက်ဆုံးသောကာလကိုအစပြုခဲ့ကြောင်း ယုံကြည်ခဲ့သည်။ ခရစ်တော်၌နောက်ဆုံးသောကာလသည် အသင်းတော်သမိုင်းတစ်လျှောက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး၊ ၎င်းသည် နောက်ဆုံးတွင် ကိုယ်တော်၏ဒုတိယကြွဆင်းလာချိန် နိုင်ငံတော်ပြည့်စုံချိန်၌ စုံလင်ခြင်းသို့ ရောက်ကြမည်ဖြစ်သည်။

အပိုင်းအများစုအတွက်၊ ခရစ်တော်၏နိုင်ငံတော်သည် ဤအဆင့်သုံးဆင့်တွင် ပေါ်ထွန်းလာမည်ဟု ကနဦးခရစ်ယာန်များက အခိုင်အမာဆိုခဲ့သော်လည်း၊ ၎င်းတို့သည် ရှုပ်ထွေးရန်လွယ်ကူသည်။ ခရစ်တော်သည် မည်မျှပြီးမြောက်ခဲ့ပြီနည်း။ ဘုရားသခင်၏ ကြီးမြတ်သောကောင်းချီးမင်္ဂလာများသည် နောက်ဆုံးသောကာလတွင် မည်မျှကျန်ရှိသေးသနည်း။ နောက်ဆုံးသောကာလအစပြုခြင်းတွင် ခရစ်တော်အနေဖြင့်မည်မျှပြီးမြောက်အောင်မြင်ခဲ့ပြီးသည်ကို ဂလာတိအသင်းတော်များလျှော့တွက်ခဲ့ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ သက်သာလောနိတ်အသင်းတော်မှ လူအများသည် ခရစ်တော်ပြန်ကြွလာရန် နီးကပ်နေပြီဖြစ်သောကြောင့်၊ ခရစ်တော်၏နောက်လိုက်များအနေဖြင့် မိမိတို့၏နေ့စဉ်တာဝန်များကို လုပ်ဆောင်ရန်အကြောင်းမရှိဟု ယုံကြည်လာကြသည်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဤသင်ခန်းစာတွင်၊ ကောရိန္သုမြို့သားများသည် အခြားနည်းဖြင့် စိတ်ရှုပ်ထွေးနေကြသည်ကို ကျွန်ုပ်တို့သိရှိနိုင်မည်ဖြစ်သည်။ ကောရိန္သုခရစ်ယာန်အချို့က သူတို့သည်အခြားသူများထက် နောက်ဆုံးသောကာလ၏ကောင်းချီးမင်္ဂလာများနှင့် ပို၍ဝေးကွာသည်ဟု ယူဆသောကြောင့် အသင်းတော်သည် ကွဲပြားခြင်းနှင့် ပြဿနာများကြုံတွေ့ခဲ့ရသည်။

ပေါလုနှင့် ကောရိန္သုသြဝါဒစာအား လေ့လာခြင်းကို သုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ကောရိန္သုသြဝါဒစာ၏နောက်ခံသမိုင်းကို ကြည့်ပါမည်။ ဒုတိယ၊ ကောရိန္သုသြဝါဒစာပဌမစောင်နှင့် ဒုတိယစောင်တို့၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ဆန်းစစ်ပါမည်။ တတိယ၊ ပေါလု၏စာများသည် သူ၏ဓမ္မပညာဆိုင်ရာအဓိကအမြင်တစ်ခုဖြစ်သည့် နောက်ဆုံးသောကာလအယူဝါဒအပေါ် သူမည်သို့ဖော်ပြသည်ကို ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။ ကောရိန္သုသြဝါဒစာ၏နောက်ခံသမိုင်းကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ခံသမိုင်း

ဤအခန်းဆက်သင်ခန်းစာတစ်လျှောက် အလေးပေးဖော်ပြခဲ့သည့်အတိုင်း၊ တမန်တော်ပေါလုသည် မတူညီသောအသင်းတော်များတွင် ဖြစ်ပွားသည့်သီးခြားပြဿနာများကို ဖော်ပြရန်အတွက် သူ၏စာစောင်များကိုရေးသားခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောရိန္သုသြဝါဒစာပဌမစောင်နှင့် ဒုတိယစောင်ကိုကြည့်သောအခါ၊ အခြေခံမေးခွန်းအချို့ကို မေးရန်လိုသည်_ ကောရိန္သုအသင်းတော်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။ ပေါလု အဘယ်ကြောင့် သူတို့ထံစာရေးခဲ့သနည်း။

ကောရိန္သုသြဝါဒစာ၏နောက်ခံနှင့်ပတ်သက်သည့် ဤမေးခွန်းများကို နည်းလမ်းနှစ်သွယ်ဖြင့် ကျွန်ုပ်တို့ဖြေဆိုပါမည်။ ဦးစွာ၊ ကောရိန္သုသြဝါဒစာသည် ပေါလု၏တတိယသာသနာပြုခရီးစဉ်နှင့် မည်သို့ဆက်စပ်သည်ကို လေ့လာပါမည်။ ဒုတိယ၊ ကောရိန္သုအသင်းတော်တွင် ဖြစ်ပေါ်လာသော သီးခြားပြဿနာအချို့ကိုလေ့လာပါမည်။ ပေါလု၏တတိယသာသနာပြုခရီးစဉ်ကို ဦးစွာကြည့်ကြပါစို့။

## တတိယသာသနာပြုခရီးစဉ်

ပေါလု၏တတိယသာသနာပြုခရီးစဉ်ကို တမန်တော် ၁၈:၂၃–၂၁:၁၇ တွင် မှတ်တမ်းတင်ထားသည်။ ဤအခန်းများတွင် ပေါလုသည် သူ၏ဒုတိယသာသနာပြုခရီးစဉ်တွင် သူလျှောက်လှမ်းခဲ့သော ခရီးစဉ်အကြောင်း အကျယ်တစ်ဝင့် ထပ်ခါတလဲလဲဖော်ပြသည်ကို လေ့လာသိရှိရသည်။ ပေါလုသည် ဤခရီးစဉ်ကို အေဒီ ၅၂ သို့မဟုတ် ၅၃ နှစ်ဝန်းကျင်တွင် စတင်ခဲ့သည်။ သူ၏ပထမသာသနာပြုခရီးစဉ်နှစ်ခုကဲ့သို့ပင်၊ သူသည် ရှုရိပြည်အန္တိအုတ်မြို့မှ စတင်ခဲ့သည်။ တမန်တော် ၁၈:၂၃ တွင် ပေါလုသည် ဂလာတိပြည်နှင့် ဖြုဂိပြည်တစ်ခွင်ရှိ ယုံကြည်သူများကို ခွန်အားပေးကြောင်း ကျွန်ုပ်တို့လေ့လာသိရှိထားသော်လည်း၊ ထိုဒေသများတွင် သူလည်ပတ်ခဲ့သည့် သီးခြားမြို့များအကြောင်းကျွန်ုပ်တို့အား မဖော်ပြပါ။ ဖြစ်နိုင်သည်မှာ၊ သူသည် ယခင်က အမှုတော်ဆောင်ခဲ့သောမြို့အချို့ဖြစ်သည့် ဂလာတိပြည်ရှိ ဒေရဗေမြို့၊ လုတ္တရမြို့နှင့် ဣကောနိမြို့နှင့် ဖြုဂိပြည်ရှိ အန္တိအုတ်မြို့များသို့ သွားရောက်လည်ပတ်ခဲ့နိုင်သည်။ ဂလာတိပြည်နှင့်ဖြုဂိပြည်ကိုဖြတ်ကျော်ပြီး ပေါလုသည် ရောမ၏အာရှပြည်နယ် သို့မဟုတ် အာရှမိုင်းနားရှိ ကမ်းရိုးတန်းမြို့ဖြစ်သည့် ဧဖက်မြို့သို့ ရောက်ရှိခဲ့သည်။

ဧဖက်မြို့သို့ပေါလုရောက်ရှိချိန်တွင်၊ ခရစ်တော်၏ဧဝံဂေလိတရားကို လျင်မြန်စွာလက်ခံခဲ့သော ဗတ္တိဇံဆရာယောဟန်၏တပည့် တကျိပ်နှစ်ပါးနှင့်တွေ့ဆုံခဲ့သည်။ အစပိုင်းတွင်၊ ပေါလုသည် ဧဝံဂေလိကို တရားဇရပ်တွင်ဟောပြောခဲ့သော်လည်း၊ သုံးလခန့်အကြာတွင် ယုဒလူမျိုးများသည် သူ၏သတင်းစကားအပေါ် စိတ်ခိုင်မာခဲ့ကြသည်။ ထို့ကြောင့်၊ မြို့၏နေရာများစွာတွင် အဲ့ဖွယ်အမှုများပြုလုပ်ကာ၊ နောက်နှစ်နှစ်တိုင်အောင် ဧဝံဂေလိတရားကိုဟောကြားခဲ့သည်။ သို့သော် နောက်ဆုံးတွင်၊ ပေါလုနှင့် အပေါင်းအဖော်များသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖေက်မြို့ကိုကာကွယ်စောင့်ရှောက်ပေးသောနတ်ဘုရားမ အာတေမိ၏နတ်ကွန်းများကို ပြုလုပ်သော လက်မှုပညာသည်များနှင့် ပဋိပက္ခဖြစ်ပွားခဲ့သည်။ ပေါလုသည် တစ်ပါးအမျိုးသားအများအပြားအား ခရစ်တော်ထံ ပြောင်းလဲစေခဲ့ပြီဖြစ်ရာ၊ အယူမှားသောနတ်ကွန်းများအတွက် ဈေးကွက်မှာ သိသာစွာကျဆင်းသွားသည်။ ရလဒ်အနေဖြင့်၊ လက်မှုပညာသည်များ ရုန်းရင်းဆန်ခတ်ဖြစ်ဖြစ်ပြီး၊ ပေါလု၏လုပ်ဖော်ကိုင်ဖက်အချို့၏လုံခြုံရေးကို ခြိမ်းခြောက်ခဲ့သည်။ ဖေက်မြို့၌ ဤအဖြစ်အပျက်များဖြစ်ပြီးနောက်၊ ပေါလုနှင့် သူ၏ခရီးဖော်များသည် ယနေ့ခေတ်ဂရိနိုင်ငံရှိဒေသများဖြစ်သည့် မာကေဒေါနိနှင့် အခါယပြည်တို့တွင် လပေါင်းများစွာ နေထိုင်ခဲ့ကြသည်။ ပေါလု၏ဤခရီးစဉ်နှင့်ပတ်သက်၍ လုကာ၏မှတ်တမ်းသည် နည်းပါးသည်။ သို့သော် ပေါလုနှင့် သူ၏အဖော်များသည် ဖိလိပ္ပိမြို့မှ အာရှသို့ ပြန်သွားကြောင်း သူပြောခဲ့သည်။ ပေါလုနှင့် သူ၏အဖော်များသည် တရောမြို့၌သင်္ဘောမှဆင်းခဲ့ကြသည်။

ပေါလုသည် တရောမြို့၌ တစ်ရက်တည်းနေရန် စီစဉ်သောကြောင့်၊ ယုံကြည်သူများအား စုဝေးစေပြီး ညဥ့်နက်သည်အထိ ဟောပြောခဲ့သည်။ ပေါလုဟောပြောစဉ်တွင်၊ ဥတုခုအမည်ရှိသော လူငယ်တစ်ဦးသည် အိပ်ပျော်သွားကာ ပြတင်းပေါက်မှ လဲကျသေဆုံးသွားခဲ့သည်။ သို့သော် ပေါလုသည် သူ့ကို အံ့ဖွယ်နည်းဖြင့် ပြန်လည်အသက်ရှင်စေခဲ့သည်။ တရောမြို့မှ ထွက်ခွာပြီး ပေါလုနှင့်သူ၏အဖော်များသည် အနီးနားရှိ အာဿုမြို့သို့ ခရီးဆက်ကာ ပင်လယ်သို့တဖန်သွားကြသည်။ သူတို့သည် မိတုလင်မြို့ ခိအုနှင့် သာမုကျွန်းတွင်ရပ်နားခဲ့ပြီး၊ နောက်ဆုံးတွင် ၎င်းတို့ခဏနေထိုင်ရာ မိလက်မြို့သို့ရောက်ရှိခဲ့သည်။ ပေါလုသည် မိလက်မြို့၌ရှိစဉ်၊ ဖေက်မြို့အနီးရှိအသင်းတော်မှ အသက်ကြီးသူများကို ဆင့်ခေါ် ခဲ့သည်။ လမ်းခွဲရန်ညွှန်ချက်များနှင့် ကောင်းချီးမင်္ဂလာပေးရန်အတွက် မိလက်မြို့၌ သူတို့ကိုစုဝေးစေခဲ့သည်။

ထို့နောက် ပေါလုနှင့်သူ၏အဖော်များသည် ရွက်လွှင့်သွားပြန်သည်။ ကောသကျွန်း၊ ရောဒုကျွန်း၊ ပါတရာမြို့နှင့် ကုပရုကျွန်းကိုဖြတ်၍ တုရုမြို့သို့ ဆိုက်ရောက်လာပြီး၊ ထိုနေရာတွင် တစ်ပတ်ကြာ အမှုထမ်းခဲ့သည်။ ထိုအရပ်မှ ပတောလင်မြို့ ထို့နောက် ယုဒပရောဖက်ပြုရာ ကဲသရိမြို့သို့ ရွက်လွှင့်ပြီး၊ ယေရုရှလင်မြို့၌ သူသည်အဖမ်းခံရမည်ဟု အာဂဗုက သတိပေးခဲ့သည်။ ၎င်းကိုပေါလု သိပြီးဖြစ်သည်။ သို့တိုင် ပေါလုသည် အာဂဗု၏ပရောဖက်ပြုချက်ကြောင့် သို့မဟုတ် သူ့မိတ်ဆွေများ၏ပန်ကြားမှုကို မငြင်းဆိုဘဲ၊ သူ၏တတိယသာသနာပြုခရီးစဉ်ကို အဆုံးသတ်ခဲ့ရာ ယေရုရှလင်မြို့သို့ ဆက်လက်သွားခဲ့သည်။ အေဒီ ၅၇ တွင်ဖြစ်နိုင်ပါသည်။

ပေါလုသည် ဤတတိယသာသနာပြုခရီးစဉ်တွင် ကောရိန္သုသြဝါဒစာနှစ်စောင်အပြင် ဓမ္မသစ်ကျမ်းတွင်ဖော်ပြမထားသော နောက်ထပ်စာနှစ်စောင်ကိုလည်း ရေးသားခဲ့သည်။ ကောရိန္သုသြဝါဒစာပဌမစောင်ကို ဖေက်မြို့မှ  အေဒီ ၅၅ တွင်ရေးသားခဲ့ခြင်းဖြစ်နိုင်သည်။ ဤစာကိုပေးပို့ပြီးနောက် မကြာမီတွင် ပေါလုသည် ကောရိန္သုမြို့သို့ ခေတ္တသွားရောက်လည်ပတ်ခဲ့ပြီး၊ ထိုနေရာရှိ အသင်းသားတစ်ဦးကြောင့် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ဤလည်ပတ်မှုအပြီးတွင်၊ "စိတ်မချမ်းမြေ့ဖွယ်စာ" ဟုခေါ်သည့် ယခုကျွန်ုပ်တို့၌ပျောက်ဆုံးနေသော စာတစ်စောင်ကို ပေါလုရေးခဲ့သည်။ နောက်ပိုင်းတွင်၊ သူ၏စိတ်မချမ်းမြေ့ဖွယ်စာကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အပြုသဘောဖြင့်လက်ခံရရှိကြောင်း တိတုထံမှသတင်းရရှိပြီးနောက်၊ ပေါလုသည် ကောရိန္သုဩဝါဒစာဒုတိယစောင်ကို ကောရိန္သုဩဝါဒစာပဋ္ဌမစောင်ကိုရေးသားပြီး တစ်နှစ်အတွင်း မာကေဒေါနိပြည်မှ ရေးသားခဲ့ဖွယ်ရှိသည်။

ကောရိန္သုဩဝါဒစာ၏နောက်ခံသမိုင်းသည် သူ၏တတိယသာသနာပြုခရီးစဉ်၏အကြောင်းအရာတွင် မည်သို့ကိုက်ညီကြောင်းကို တွေ့မြင်ပြီးနောက်၊ ယခုကောရိန္သုအသင်းတော်အတွင်းရှိ သီးခြားပြဿနာအချို့ကို ကျွန်ုပ်တို့ကြည့်ရှုသင့်ပါသည်။ ပေါလုအနေဖြင့်သူတို့ထံ အကြိမ်များစွာ စာရေးသားရသည့်တိုင်အောင် အသင်းတော်တွင် မည်သည့်အရာများ ကမောက်ကမဖြစ်နေသနည်း။

# ကောရိန္သုမြို့ရှိပြဿနာများ

တမန်တော် ၁၈ တွင် ကျွန်ုပ်တို့ဖတ်ရှုရသည့်အတိုင်း၊ ပေါလုသည် ကောရိန္သုအသင်းတော်အား သာသနာပြုခရီးစဉ်မတိုင်မီတည်ဆောက်ခဲ့ပြီး၊ ကောရိန္သုမြို့တွင် အနည်းဆုံး တစ်နှစ်ခွဲနေထိုင်ခဲ့သည်။ သို့သော် သူထွက်ခွာသွားပြီးနောက် ကောရိန္သုခရစ်ယာန်များသည် ပေါလု၏သွန်သင်ချက်အချို့ကို မေ့လျော့ကာ၊ အခြားသူများကို လွဲမှားစွာကျင့်သုံးစေကြသည်။ ရလဒ်အနေဖြင့်၊ အသင်းတော်တွင် သိသာထင်ရှားသောပဋိပက္ခများနှင့် ပြဿနာများစွာ ပေါ်ပေါက်ခဲ့သည်။

ဤသင်ခန်းစာတွင်ကျွန်ုပ်တို့တွေ့မြင်ရမည်မှာ၊ ကောရိန္သုတွင်ပေါ်ပေါက်ခဲ့သောပြဿနာအများအပြားသည် နောက်ဆုံးသောကာလဆိုင်ရာ ခရစ်ယာန်တို့၏ခံယူချက်အပေါ် နားလည်မှုလွဲမှားခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်— အထူးသဖြင့် ခရစ်တော်သည် ကယ်တင်ခြင်းကာလနှင့် ထာဝရအသက်ဆိုင်ရာ နောင်ကာလ၏ကောင်းချီးမင်္ဂလာများကို မည်သို့အစပြုပေးခဲ့ပုံနှင့်သက်ဆိုင်သည်။ ပေါလုမရှိသောအချိန်၌၊ ကောရိန္သုမြို့သားအများသည် ဤစစ်မှန်သောသွန်သင်ချက်ကို လွန်ကဲစွာခံယူခဲ့ကြသည်။ ၎င်းတို့ထဲမှ အချို့သည် နောင်ကာလ၏ကောင်းချီးမင်္ဂလာများကို အခြားသူများထက် ပိုမိုရရှိသောကြောင့်၊ ကြီးမြတ်သောခရစ်ယာန်များ၊ အခြားသူများထက်သာလွန်မြင့်မြတ်သူများဖြစ်သည်ဟု ယုံကြည်လာကြသည်။ ဤမှားယွင်းသောယုံကြည်ချက်သည် ကောရိန္သုအသင်းတော်တွင် ကြီးမားသောပြဿနာများအားလုံးကို ဖြစ်ပေါ်စေခဲ့သည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ပေါလု၏နောက်ဆုံးသောကာလအပေါ် ဤနားလည်လွဲမှားမှုသည် ကောရိန္သုတွင်ထင်ရှားသောပြဿနာလေးခုအား မည်သို့ဖြစ်ပေါ်စေခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပထမ၊ အသင်းတော်အတွင်းဆက်ဆံရေးပျက်စီးခြင်း၊ ဒုတိယ၊ လိင်ပိုင်းဆိုင်ရာ အကျင့်ယိုယွင်းခြင်း၊ တတိယ၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၊ စတုတ္ထ၊ ပေါလု၏တမန်တော်ဖြစ်ခြင်းဆိုင်ရာ အခွင့်အာဏာကိုငြင်းပယ်ခြင်း ဖြစ်သည်။ ဆက်ဆံရေးပျက်စီးခြင်းပြဿနာကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဆက်ဆံရေးပျက်စီးခြင်း

ပေါလုသည် အသင်းတော်အတွင်း အုပ်စုများပြိုင်ဆိုင်ခြင်းများ၊ ယုံကြည်သူများကြား တရားစွဲဆိုခြင်း၊ ကောရိန္သုမြို့မှ ဆင်းရဲနွမ်းပါးသူများကို လျစ်လျူရှုခြင်းနှင့် ယေရုရှလင်မြို့သားများ၏ဆင်းရဲနွမ်းပါးမှုကို ကိုင်တွယ်ဖြေရှင်းရန်ပျက်ကွက်ခြင်းအပါအဝင် ကွဲပြားသော ဆက်ဆံရေးပျက်စီးခြင်းအမျိုးအစားများစွာကို ကောရိန္သုဩဝါဒစာတွင် ဖော်ပြခဲ့သည်။ အုပ်စုများပြိုင်ဆိုင်ခြင်း၏ပြဿနာကို ဦးစွာကြည့်ကြပါစို့။

**အုပ်စုများပြိုင်ဆိုင်ခြင်း။** ကောရိန္သုဩဝါဒစာပဌမစောင်ကိုမရေးမီတွင် ပေါလုသည် ကောရိန္သုမြို့ရှိ ယုံကြည်သူများသည် အမျိုးမျိုးသော ဆရာများနောက်သို့လိုက်ခြင်းဖြင့် အချင်းချင်းဆန့်ကျင်ဘက်ပြုကြကြောင်း ကြားသိခဲ့သည်။ ၁ ကောရိန္သု ၁:၁၂ တွင် ပေါလုဖော်ပြသော သူတို့၏သဘောထားကို နားထောင်ပါ_

> သင်တို့က၊ ငါသည်ပေါလုတပည့်ဖြစ်၏။ ငါသည် အာပေါလုတပည့်ဖြစ်၏။ ငါသည်ကေဖတပည့်ဖြစ်၏။ ငါသည်ခရစ်တော်တပည့်ဖြစ်၏ဟု အသီးအသီးပြောကြသောကြောင့် ငါဆိုရ၏ (၁ ကောရိန္သု ၁:၁၂)။

ပေါလုသည် ကောရိန္သုအသင်းတော်ရှိ ဤသေးသိမ်သောသဘောထားကွဲလွဲမှုများကြောင့် အံ့ဩသွားခဲ့သည်။ အမှန်တကယ်တွင်၊ ပေါလု၊ အာပေါလု၊ ပေတရုနှင့်ယေရှုတို့အားလုံးက ယေရှုသည် အမြင့်မြတ်ဆုံးဖြစ်ပြီး၊ ပေတရု၊ ပေါလုနှင့် အာပေါလုကဲ့သို့သော တမန်တော်များနှင့် ဆရာသမားများသည် ကိုယ်တော်၏အစေခံများဖြစ်ကြောင်း တူညီသောအရာကိုသွန်သင်ခဲ့ကြသည်။ သူတို့သည် ပြိုင်ဆိုင်ခြင်းအတွေးအမြင်များကို မတည်ဆောက်ခဲ့ကြဘဲ၊ ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ဆောက်ရန် အတူတကွလုပ်ဆောင်ခဲ့ကြသည်။ ၁ ကောရိန္သု ၃:၅၊ ၁၁ တွင် ပေါလုရေးသားခဲ့သည့်အတိုင်း_

> ပေါလုကားမည်သူနည်း။ အာပေါလုကား မည်သူနည်း။ အခြားသောသူမဟုတ်၊ ထာဝရဘုရားသည် အသီးသီးတို့အား အခွင့်ပေးသနားတော်မူသည်နှင့် အညီ၊ သင်တို့ကို ယုံကြည်ခြင်းသို့ ရောက်စေသော ဓမ္မဆရာပေတည်း။...အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှတပါး အခြားသော တိုက်မြစ်ကို အဘယ်သူမျှ မချနိုင် (၁ ကောရိန္သု ၃:၅၊ ၁၁)။

ဤနေရာတွင်ပေါလုဖော်ပြသကဲ့သို့ ပေတရု၊ ပေါလု၊ အာပေါလုနှင့် အခြားသောလူသားခေါင်းဆောင်များသည် ယေရှု၏အစေခံများဖြစ်သည်။ အစေခံတစ်ဦးကို အခြားတစ်ဦးနှင့်ခိုင်းနှိုင်းပြောဆိုခြင်းဖြင့် အသင်းတော်ကိုပိုင်းခြားခြင်းသည် အသင်းတော်အပေါ်ထားသော ဤဝိညာဉ်ရေးရာခေါင်းဆောင်များ၏ဆန္ဒအားလုံးနှင့် ဆန့်ကျင်သည်။

**တရားစွဲဆိုခြင်း။** ဝမ်းနည်းစရာမှာ၊ အသင်းတော်ရှိ သဘောထားကွဲလွဲမှုများသည် အုပ်စုများပြိုင်ဆိုင်ခြင်းထက် ကျော်လွန်သွားခဲ့သည်။ ၎င်းကို ကောရိန္သုမြို့ရှိ ခရစ်ယာန်များအချင်းချင်း တရားစွဲဆိုမှုတွင် တွေ့ရသည်။ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများသည် မယုံကြည်သူများရှေ့မှောက်၌ အချင်းချင်း တရားရုံး၌တရားစွဲဆိုကြသည်။ ၁ ကောရိန္သု ၆:၇-၈ တွင် ပေါလုဖော်ပြပုံကို နားထောင်ပါ–

> ထိုသို့သင်တို့သည် အချင်းချင်းတရားတွေ့သည် အမှုမှာ အလွန်ကြီးစွာသော အပြစ်ရှိကြ၏။ တရားမတွေ့ဘဲ ညှဉ်းဆဲခြင်းကို အဘယ်ကြောင့်မခံသနည်း။ ကိုယ်ဥစ္စာရှုံးခြင်းကို အဘယ်ကြောင့်မခံသနည်း။ ထိုသို့ သင်တို့သည်မခံဘဲ၊ ညီအစ်ကိုချင်း တယောက်ကိုတယောက်ညှဉ်းဆဲ၍၊ ညီအစ်ကိုချင်းတို့၏ ဥစ္စာကိုသိမ်းယူကြသည်တကား၊ (၁ ကောရိန္သု ၆:၇-၈)။

**ဆင်းရဲခြင်း။** အုပ်စုများပြိုင်ဆိုင်ခြင်းနှင့် တရားစွဲဆိုမှုများအပြင် ဆက်ဆံရေးပျက်စီးခြင်း၏အခြားပုံစံဖြစ်သည့် ကောရိန္သုအသင်းတော်ရှိ ဆင်းရဲသားများအပေါ်ဆက်ဆံခြင်းကိုလည်း ပေါလုဖော်ပြခဲ့သည်။ အထူးသဖြင့် သခင်ဘုရား၏ညစာစားပွဲတွင် ဆင်းရဲသားများအား နှိပ်စက်ညှဉ်းပန်းခဲ့ပုံကို ရည်ညွှန်းခြင်းဖြစ်သည်။ ၁ ကောရိန္သု ၁၁:၂၁-၂၂ တွင် ပေါလု၏ပြင်းထန်သောဆုံးမခြင်းကို နားထောင်ပါ–

> အကြောင်းမူကား၊ သင်တို့သည် စားကြသည်တွင် ကိုယ်စီကိုယ်စီ မိမိအစာကို အရင်ယူ၍၊ တချို့ကားဆာမွတ်လျက်၊ တချို့ကားစားသောက်ကြူးလျက်ရှိကြ၏။... ဘုရားသခင်၏အသင်းတော်ကို မထီမဲ့မြင်ပြု၍၊ ဆင်းရဲသောသူတို့ကို ရှက်ကြောက်စေသလော (၁ ကောရိန္သု ၁၁:၂၁-၂၂)။

> ကောရိန္သုသြဝါဒစာပဌမစောင်သည် သခင်ဘုရား၏ညစာစားပွဲနှင့် အသင်းတော်တွင် ၎င်း၏အရေးပါမှုကို ကျွန်ုပ်တို့များစွာသင်ယူရာနေရာဖြစ်သည်... ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစုဝင်အဖြစ် ခမည်းတော်၏စားပွဲ၌ထိုင်ပြီး၊ ဘုရားသခင်၏စည်းစိမ်များကို သုံးဆောင်ကြသည်။ ၎င်းကို ထိုက်တန်စွာလုပ်ဆောင်နိုင်ရန်၊ ကောရိန္သုအသင်းတော်တွင် အမှန်တကယ်ပြဿနာတစ်ခုဖြစ်သည့် ကျေးဇူးတင်သောနှလုံးသား၊ နှိမ့်ချသော နှလုံးသား၊ အချင်းချင်းလက်ခံမှု၊ ထွေးပွေ့မှုတို့ဖြင့် ကျွန်ုပ်တို့ပြုလုပ်ပါသည်။ ပေါလုသည် သခင်ဘုရား၏ညစာစားပွဲနှင့် ပတ်သက်၍ ကောရိန္သုသြဝါဒစာပဌမစောင် ၁၁ တွင် သူ၏သွန်သင်ချက်များအားဖြင့် သူတို့ကိုသတိပေးသည်၊ သူတို့သည် ခရစ်တော်၏ကရုဏာကိုခံယူနိုင်ရန်၊ အချင်းချင်းအပေါ်၌ ထားရှိသောစိတ်သဘောထားနှင့်

> လုပ်ဆောင်မှုကိုဖော်ပြနိုင်ရန်၊ ခရစ်တော်၏အသေခံခြင်းကို ကျွန်ုပ်တို့ကိုယ်စား ကြေငြာနိုင်ရန် ထိုစားပွဲသို့နှိမ့်ချစွာလာကြသည်။ ကိုယ်တော်လုပ်ခဲ့သည့်အရာကို ပြန်ကြည့်ပြီး၊ ကိုယ်တော်လုပ်မည့်အရာကို မျှော်လင့်ကာ ညစာစားပွဲတွင် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိနေခြင်းကို ဂုဏ်ပြုကျင်းပကြသည်။ ၎င်းသည် သခင်ဘုရား၏ညစာစားပွဲတွင် ကျွန်ုပ်တို့ရရှိသော အံ့သြဖွယ်ဆုကျေးဇူးတစ်ခုဖြစ်သည်။

**— Rev. Dan Hendley**

**ယေရုရှလင်မြို့၌ဆင်းရဲနွမ်းပါးမှု။** ၎င်းအပြင်၊ ကောရိန္သုအသင်းတော်တွင် ထိုသို့သောစိတ်သဘောထားခိုင်မာမှုနှင့် ကိုယ်ကိုကိုယ်ဗဟိုပြုခြင်းတို့သည် အုပ်စုများပြိုင်ဆိုင်ခြင်းများ၊ တရားစွဲဆိုမှုများနှင့် ဆင်းရဲသားများကို နှိပ်စက်ညှဉ်းပန်းမှုဖြစ်စေပြီး၊ ယေရုရှလင်မြို့ရှိ ယုံကြည်သူချင်းများ၏ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန် ကောရိန္သုလူတို့၏ပျက်ကွက်ခြင်းအထိ တိုးလာစေခဲ့သည်။ ထိုအချိန်၌ ယေရုရှလင်မြို့ရှိငတ်မွတ်သောခရစ်ယာန်များအတွက် ကယ်ဆယ်ရေးရန်ပုံငွေများ စုဆောင်းမည်ဟု ကောရိန္သုလူတို့သည် ကတိပြုခဲ့ကြသည်။ ကောရိန္သုသြဝါဒစာပဌမစောင်မရေးမီကပင် ဤစုဆောင်းမှုကိုပြုလုပ်ရန် သူတို့ကို ပေါလုညွှန်ကြားခဲ့သည်။ ရက်ရောမှုအချို့ကို သူတို့ပြခဲ့ကြသော်လည်း၊ ကောရိန္သုသြဝါဒစာဒုတိယစောင်ကို ပေးသောအခါတွင်ပင်၊ သူတို့၏ကတိများကို သူတို့အပြည့်အဝမဖြည့်ဆည်းကြသေးပါ။ ၂ ကောရိန္သု ၈:၁၀-၁၁ တွင် ဤကိစ္စနှင့်ပတ်သက်၍ ပေါလု၏တိုက်တွန်းချက်ကို နားထောင်ပါ_

> မနှစ်ကပင်အဦးပြုသည်သာမက၊ စေတနာစိတ်နှင့် ပြည့်စုံသောသင်တို့သည် ဤအမှုကိုပြီးစေလျှင် သာ၍ကောင်းလိမ့်မည်။ သို့ဖြစ်၍၊ အထက်ကစေတနာရှိသည်နှင့်အညီ၊ ယခုတွင်သင်တို့သည် တတ်နိုင်သည်အတိုင်းပြု၍ ဤအမှုကို ပြီးစီးစေကြလော့ (၂ ကောရိန္သု ၈:၁၀-၁၁)။

ယေရုရှလင်မြို့ရှိ သန့်ရှင်းသူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသောဆန္ဒကို ဖော်ပြခြင်းအတွက် ကောရိန္သုမြို့သားများအား ပေါလုချီးမွမ်းသော်လည်း၊ သူတို့၏ကတိများကိုလိုက်နာစေရန်အတွက် ကောရိန္သုသြဝါဒစာဒုတိယစောင် ၈၊ ၉ တစ်လျှောက် ထိုကိစ္စကိုဖော်ပြရန် လိုအပ်သည်။

အသင်းတော်အတွင်း ဤသို့သောဆက်ဆံရေးပျက်စီးခြင်းမျိုးများအပြင်၊ ကောရိန္သုမြို့၏ပြဿနာများ၌ ကောရိန္သုမြို့ရှိ ခရစ်ယာန်အသိုင်းအဝိုင်းအတွင်း လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်းများလည်း ပါဝင်သည်။

## လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်း

ယေဘူယျအားဖြင့်၊ စိတ်နှင့်ကိုယ်ခန္ဓာသည် သီးခြားနှစ်ပိုင်းဖြစ်သည်ဟူသော ပထမရာစု ဂရိ-ရောမအယူဝါဒသည် ကောရိန္သုမြို့သားအများအပြား၏ လိင်စိတ်နှင့်ပတ်သက်သောအမြင်များကို လွှမ်းမိုးထားပုံရသည်။ ဤအယူအဆသည် အနည်းဆုံး ဆန့်ကျင်ဘက်လမ်းကြောင်းနှစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

ဦးစွာ၊ စိတ်နှင့်ကိုယ်ခန္ဓာနှစ်ပိုင်းအယူဝါဒသည် ဂရိ-ရောမယဉ်ကျေးမှုတွင် ခန္ဓာကိုယ်အလိုရှိရာကိုလုပ်ခွင့်ရှိကြောင်း လူများစွာကိုယုံကြည်စေခဲ့သည်။ သူတို့၏စိတ်နှလုံးထဲတွင် အိမ်ထောင်ဖက်အပေါ် သစ္စာတည်မြဲနေသမျှ ကာလပတ်လုံး၊ မတရားသောလိင်ဆက်ဆံမှု အမျိုးမျိုးကို ထိတွေ့ဆက်ဆံနိုင်ကြပါသည်။ ပေါလု၏စာများအရ၊ ကောရိန္သုအသင်းတော်ရှိအချို့တို့သည် ဤလိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုသို့ ကျဆင်းခဲ့ပုံရသည်။ ဤအပြုအမူသည် အသင်းတော်တွင် လိင်တူဆက်ဆံခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်းအပါအဝင် ပြဿနာအမျိုးမျိုးကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော် ပေါလုသည် ဂရိ-ရောမယဉ်ကျေးမှု၏ အလွန်လွန်ကဲသောပြဿနာတစ်ခုကို အတိအလင်းဖော်ပြခဲ့သည်_ အဘ၏မယားနှင့် အတူနေခြင်းဖြစ်သည်။ ၁ ကောရိန္သု ၅:၁ တွင် ဤအခြေအနေနှင့်ပတ်သက်၍ ပေါလု၏ဆုံးမခြင်းကို နားထောင်ပါ_

> မတရားသောမေထုန်သာမညမဟုတ်၊ အဘ၏မယားကို သိမ်းယူခြင်းတည်းဟူသော သာသနာပလူတို့တွင်ပင် မကြားရသော မေထုန်ဒွမ်ိဝဲသောသူသည် သင်တို့တွင် ရှိကြောင်းကို အနှံ့အပြားကျော်စောကြ၏ (၁ ကောရိန္သု ၅:၁)။

ဤအကြောင်းအရာတွင်၊ ဤနေရာ၌ဂရိအခေါ်အဝေါ် *echo* (ἔχω) အား "ရှိကြောင်း" ဟုဘာသာပြန်ဆိုထားပြီး "လိင်ဆက်ဆံနေသည်" ဟု အဓိပ္ပာယ်ရသည်။ ကောရိန္သုမြို့သားများသည် ဝိညာဉ်ရေးရာဟူသည့် လွဲမှားသောအယူအဆများကြောင့် အလွန်စိတ်ရှုပ်ထွေးခဲ့ကြပြီး၊ အဘ၏မယားနှင့်အတူနေမှုကို သည်းခံနိုင်ခြင်းအတွက် ဂုဏ်ယူခဲ့ကြသည်။

ဒုတိယ၊ ဂရိယဉ်ကျေးမှုတွင် အချို့တို့သည် ဆန့်ကျင်ဘက်သို့ ဦးတည်သွားခဲ့သည်။ နာမ်ဝိညာဉ် သို့မဟုတ် စိတ်ကို အာရုံပြုခြင်းငှာ၊ ရုပ်ခန္ဓာ၏အလိုဆန္ဒများကို ငြင်းပယ်သင့်သည်ဟု ယုံကြည်ကြသည်။ ဤရှုမြင်ချက်က ဝိညာဉ်လူများသည် လိင်ဆက်ဆံမှုအားလုံးကို ရှောင်ကြဉ်ကြမည်ဟူသော ယုံကြည်ခြင်းအပါအဝင် အမျိုးမျိုးသော ဖြိုးခြံခြွေတာခြင်း သို့မဟုတ် မိမိကိုယ်ကိုငြင်းပယ်ခြင်းသို့ ဦးတည်စေသည်။ ကောရိန္သုမြို့ရှိ ယုံကြည်သူအချို့သည် ဖြိုးခြံခြွေတာခြင်းနှင့် အိမ်ထောင်အတွင်း၌ပင် လိင်ပိုင်းဆိုင်ရာရှောင်ကြဉ်ခြင်းကို လက်ခံခဲ့ကြပုံရသည်။ သို့သော် ၎င်းသည် လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်ကို ချိုးဖောက်ကာ လင်မယားနှစ်ဦးစလုံးကို လိင်ပိုင်းဆိုင်ရာ သွေးဆောင်မှုခံရနိုင်ခြင်းကြောင့် ဤအမြင်ကိုလည်းပေါလုပြစ်တင်ခဲ့သည်။ ၁ ကောရိန္သု ၇:၂-၅ တွင် ရေးထားသကဲ့သို့_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယောက်ျားတိုင်း မိမိမယားရှိစေလော့။ မိန်းမတိုင်း မိမိလင်ရှိစေလော့။ ယောက်ျားသည် ဆက်ဆံခြင်းဝတ်ကို မိမိမယားအားပြုစေလော့။ ထိုနည်းတူ၊ မိန်းမသည်လည်း ဆက်ဆံခြင်းဝတ်ကို မိမိလင်အား ပြုစေလော့။...အချင်းချင်းခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ထိုသို့ဆိုသော်၊ ဆုတောင်းခြင်းဝတ်ကိုပြုရသော အခွင့်ရှိစေခြင်းငှါ၊ သဘောတူ၍ ခင်ပွန်းဝတ်ကိုခဏမျှ မရှောင်ရဟုမဆိုလို။ ထိုသို့ရှောင်လျှင်၊ ကိုယ်ကိုမချုပ်တည်းနိုင်သောအားဖြင့် စာတန်သည် အပြစ်သို့ သွေးဆောင်ရသောအခွင့်မရှိစေခြင်းငှါ၊ နောက်တဖန် အတူနေကြလော့ (၁ ကောရိန္သု ၇:၂-၅)။

ဤစာစုတွင်လည်း ဂရိစကားလုံး *echo* (ἔχω) ကိုတွေ့ရပြီး၊ "ရှိစေ" ဟူသောစကားစုတွင် "ယောက်ျားတိုင်း မိမိမယားရှိစေလော့" ဟုပြန်ဆိုထားသည်။ ကျွန်ုပ်တို့မှတ်သားထားပြီးဖြစ်သည့်အတိုင်း၊ ဤအကြောင်းအရာမျိုးတွင်၊ *echo* သည် "လိင်ဆက်ဆံပါ" ဟူ၍ဖြစ်သည်။ ပေါလုသည် အိမ်ထောင်သည်များအား ၎င်းတို့၏လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်ကို ပြည့်စုံစေရန်နှင့် ကောရိန္သုမြို့၌၎င်းတို့ပတ်ဝန်းကျင်တွင်ရှိသော လိင်ပိုင်းဆိုင်ရာပြင်းထန်သောသွေးဆောင်မှုများမှ မိမိကိုယ်ကိုကာကွယ်နိုင်ရန် သင့်လျော်သော၊ လိင်ဆက်ဆံမှုကို ဆက်၍ထိန်းသိမ်းရန် တိုက်တွန်းခဲ့သည်။

> ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် အရေးကြီးပြီး ထာဝရတည်ရှိနေမည်ဆိုလျှင်၊ ယခုကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်လုပ်ဆောင်မှုကို အလွန်သတိထားရန်လိုအပ်ပါသည်။ ထိုအချက်ကိုပေါလုသည် ဘုရားသခင်၏ဘုန်းထင်ရှားစေရန် မိမိတို့၏ခန္ဓာကိုယ်ကို အသုံးမပြုသည့် ကောရိန္သုမြို့သားများအား ရှင်းလင်းစွာပြောပြခဲ့သည်။ ထို့ကြောင့်၊ ပေါလုပြုလုပ်လိုသည့်အရာများထဲမှတစ်ခုမှာ... ကျွန်ုပ်တို့၏ ထမြောက်သောခန္ဓာကိုယ်များ၊ ထာဝရသဘောသဘာဝခန္ဓာကိုယ်သည် ယခုကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင် ကျွန်ုပ်တို့မည်ကဲ့သို့အသက်ရှင်သည်ကို သတိထားရန်လိုအပ်ကြောင်း ဖော်ပြရန်ဖြစ်သည်။ အထူးသဖြင့် လိင်ဆက်ဆံရာတွင် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို အသုံးပြုရာတွင် သတိထားပါ။ ကောရိန္သုမြို့သားများသည် ၎င်းနှင့်ပတ်သက်၍ ပြဿနာတစ်ခုရှိကြသည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်အရ ၎င်းတို့၏ခန္ဓာကိုယ်များကို လိင်ပိုင်းဆိုင်ရာတာဝန်သိတတ်သောနည်းဖြင့်အသုံးပြုရန် ပေါလုသတိပေးခဲ့သည်။

**Dr Frank Thielman**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောရိန္သုအသင်းတော်ရှိ ပြဿနာများသည် ဆက်ဆံရေးပျက်စီးခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်းများသာမဟုတ်ပါ။ တတိယမြောက်အဓိကပြဿနာမှာ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းဖြစ်သည်။

## ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း

သခင်ဘုရား၏ညစာစားပွဲအတွင်း ဆင်းရဲသားများအား ညှဉ်းပန်းနှိပ်စက်မှုတွင် ဤအလွဲသုံးစားမှု၏ဥပမာတစ်ခုကို ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ၎င်းသည် ပေါလုဖော်ပြသည့်တစ်ခုတည်းသောကိစ္စမဟုတ်ပါ။ ကောရိန္သုအသင်းတော်တွင် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အခြားအလွဲသုံးစားပြုခြင်းသုံးမျိုးလည်း ဖြစ်ပွားခဲ့သည်_ ကျား၊မရေးရာ အခန်းကဏ္ဍများ၊ ဝိညာဉ်ဆုကျေးဇူးများအသုံးပြုမှုနှင့် ရုပ်တုများအားပူဇော်သောအသားနှင့်ဆိုင်သောပြဿနာများဖြစ်သည်။ ပထမ၊ ပေါလုသည်ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျား၊မရေးရာ အခန်းကဏ္ဍများကို အလေးထားခဲ့သည်။

**ကျား၊မရေးရာ အခန်းကဏ္ဍများ။** ကောရိန္သုအသင်းတော်တွင်၊ အမျိုးသားများနှင့် အမျိုးသမီးတို့သည် အများပြည်သူဝတ်ပြုကိုးကွယ်ခြင်းတွင် အချင်းချင်းနှင့်ခရစ်တော်ကို မထီမဲ့မြင်ပြုကြသည်။ ဥပမာ၊ ဆုတောင်းနေစဉ်အတွင်း ခေါင်းဖုံးခြင်းနှင့်စပ်လျဉ်းသော မှန်ကန်သောဆုံးမချက်တစ်ခုအား ပေါလုပေးခဲ့သည်။ ၁ ကောရိန္သု ၁၁:၄-၅ တွင် သူဤသို့ရေးသားခဲ့သည်–

> ယောက်ျားမည်သည်ကား၊ မိမိခေါင်းကို ဖုံးလျက် ဆုတောင်းသော်၎င်း၊ ပရောဖက်ပြုသော်၎င်း၊ မိမိခေါင်း အသရေကို ရှုတ်ချ၏။ မိန်းမမည်သည်ကား၊ မိမိခေါင်းကိုမဖုံးဘဲ ဆုတောင်းသော်၎င်း၊ ပရောဖက်ပြုသော်၎င်း၊ မိမိခေါင်း အသရေကိုရှုတ်ချ၏ (၁ ကောရိန္သု ၁၁:၄-၅)။

ပေါလုသည် ဆုတောင်းပဌနာဝတ်ပုဝါများကို အသုံးပြုခြင်း သို့မဟုတ် ဆံပင်ပုံစံများကို ရည်ညွှန်းခြင်းရှိမရှိကို ပညာရှင်တို့ကြား သဘောကွဲလွဲကြသည်။ အသရေရှုတ်ချခံရသော "ဦးခေါင်း"၏ အမှတ်သညာနှင့် ပတ်သက်၍လည်း သဘောတူညီမှုမရှိကြပါသည်။ အချို့က "ဦးခေါင်း" သည် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းကို ရည်ညွှန်းသည်ဟုယူဆကြပြီး၊ အချို့က ပေါလုသည် ယောက်ျား၏ဦးခေါင်း—ခရစ်တော်—နှင့် မိန်းမ၏ဦးခေါင်း—မိမိခင်ပွန်းကို ရည်ညွှန်းသည်ဟု ယုံကြည်ကြသည်။ သို့သော် ဤအသေးစိတ်အချက်များ မည်သို့ပင်ရှိစေကာမူ အရင်းခံပြဿနာမှာ ရှင်းပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် ကျား၊မ ခြားနားမှုတို့ကို မှေးမှိန်စေခြင်းအားဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂုဏ်သိက္ခာမဲ့စွာ ပြုမူကြသည်။

**ဝိညာဉ်ဆုကျေးဇူးများ။** ဒုတိယ၊ ဝတ်ပြုကိုးကွယ်ခြင်းတွင် ဝိညာဉ်ဆုကျေးဇူးများအား အလွဲသုံးစားလုပ်ခြင်းကိုလည်း ပေါလုဖော်ပြခဲ့သည်။ ကောရိန္သုယုံကြည်သူအများအပြားသည် ဘာသာစကားအမျိုးမျိုးပြောခြင်း၊ ပရောဖက်ပြုခြင်းကဲ့သို့သော အံ့ဖွယ်ကောင်းသောဆုကျေးဇူးများပင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပိုင်ဆိုင်ထားကြောင်း ထင်ရှားသည်။ သူတို့သည် ထိုအရာတို့ကို ဝတ်ပြုကိုးကွယ်ခြင်း၌ မငြိမ်မသက်ဖြစ်စေသော နည်းများဖြင့် ကျင့်သုံးကြသည်။ ၁ ကောရိန္သု ၁၄:၂၆-၃၃ တွင် ပေါလုက အခြေအနေကို ဤသို့ဆိုခဲ့သည်_

> ဆာလံသီချင်းကိုရသောသူ၊ ဆုံးမဩဝါဒစကားကိုရသောသူ၊
> အခြားသောဘာသာစကားကိုရသောသူ၊
> ဗျာဒိတ်တော်ကိုရသောသူ...အခြားသော ဘာသာစကားဖြင့် ဟောပြော သော
> သူရှိလျှင်၊ နှစ်ယောက်ဖြစ်စေ၊ အများဆုံးဆိုသော် သုံးယောက်ဖြစ်စေ၊
> တယောက်နောက်တယောက် ပြော၍ တယောက်သောသူသည်
> အနက်ကိုဘော်ပြစေ။...ပရောဖက်နှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊
> ဟောပြော၍ အခြားသောသူတို့သည် စစ်ကြောဆင်ခြင်ကြစေ။
> ထိုင်လျက်နေသောသူအား တစုံတခုကို ဖွင့်ပြတော်မူလျှင်၊
> အရင်ဟောပြောသောသူသည် တိတ်ဆိတ် စွာနေစေ။...ဘုရားသခင်သည်
> ရှုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ (၁ ကောရိန္သု ၁၄:၂၆-၃၃)။

ဤနေရာ၌ ပေါလု၏စကားများအရ၊ ကောရိန္သုမြို့ရှိ ဝတ်ပြုကိုးကွယ်ခြင်းများသည် လူများစွာတစ်ပြိုင်တည်း ပြောဆိုသောကြောင့် ရှုပ်ယှက်ခတ်ပြီး စည်းမဲ့ကမ်းမဲ့ ဖြစ်နေပုံရသည်။ ပေါလုက ယုံကြည်သူများသည် အချင်းချင်းနားထောင်နိုင်စွမ်းမရှိလျှင် ဝိညာဉ်တော်ပေးသောနှုတ်ကပတ်တော်မှ အကျိုးခံစားရမည်မဟုတ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

**ရုပ်တုရှေ့၌ပူဇော်သော အစားအစာ။** တတိယ၊ ရုပ်တုရှေ့၌ပူဇော်သော အစားအစာနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဖော်ပြသင့်ပါသည်။ ရှေးကာလ၌၊ ဈေး၌ရောင်းချသော အသားအများစုသည် ယဇ်ပူဇော်ခဲ့ခြင်းသို့မဟုတ် ရုပ်တုတွင် ဆက်ကပ်ထားသည့် အသားများဖြစ်သည်။ အစားအစာများကို နတ်ဘုရားကျောင်းများမှ မကြာခဏတိုက်ရိုက်ရရှိနိုင်ပါသည်။ ယခုတွင်၊ နတ်ဝတ်ပြုကိုးကွယ်ခြင်းကျင့်စဉ်များသည် အသားကိုညစ်ညမ်းစေခြင်းမရှိကြောင်းနှင့် ခရစ်ယာန်များသည် နတ်ဝတ်ပြုကိုးကွယ်ခြင်းကဲ့သို့ မလုပ်ဆောင်သရွေ့ ဤအစားအစာကို စားသုံးနိုင်ကြောင်း ပေါလုအခိုင်အမာပြောဆိုခဲ့သည်။ သို့သော် ရုပ်တုရှေ့၌ပူဇော်သော အစားအစာများကိုကိုင်တွယ်ရာတွင် အလွန်သတိထားရန်လည်း ယုံကြည်သူများကိုသတိပေးခဲ့သည်။ ၁ ကောရိန္သု ၈:၇ တွင် ဤပြဿနာကို သူဖော်ပြခဲ့သည်_

> အချို့သော သူတို့သည် ယခုတိုင်အောင်ရုပ်တုရှေ့၌ပူဇော်သော
> ယဇ်ကောင်ကိုစားသော်၊ ရုပ်တုကို ထောက်သောစိတ်နှင့်စားကြသည်ဖြစ်၍၊
> သူတို့၌ ကိုယ်ကိုကိုယ်သိသောစိတ်သည် အားနည်းသောကြောင့် ညစ်ညူးခြင်းသို့
> ရောက်တတ်၏ (၁ ကောရိန္သု ၈:၇)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရိုးရှင်းစွာပြောရလျှင်၊ အားနည်းပြီး နုငယ်သောခရစ်ယာန်များသည် ရုပ်တုများအားပူဇော်သော အသားကိုစားခြင်းဖြင့် ခရစ်တော်အားဝတ်ပြုကိုးကွယ်ခြင်းကို နတ်ဘုရားများ၏ဝတ်ပြုကိုးကွယ်ခြင်းနှင့် ရောနှောကြသည်။ ရင့်ကျက်သောယုံကြည်သူများပင် ဤအသားကိုစားခြင်းဖြင့် ၎င်းတို့၏အားနည်းသောညီအစ်ကိုများအား စိတ်ရှုပ်ထွေးစေခဲ့မည်ဆိုလျှင် အပြစ်ရှိကြောင်းကိုလည်း ပေါလု ထောက်ပြခဲ့သည်။ ၁ ကောရိန္သု ၈:၁၀-၁၂ တွင် ရေးထားသကဲ့သို့–

> အကြောင်းမူကား၊ သင်သည် ပိုင်းခြားတတ်သော ဉာဏ်ရှိလျက်ပင်၊ ရုပ်တုစင်ထဲ၌ စားပွဲနားမှာ လျောင်းသည်ကို သူတပါးမြင်လျှင်၊ ကိုယ်ကိုကိုယ်သိသော စိတ်အားနည်းသောသူသည်၊ ရုပ်တုရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စားခြင်းငှါ ရဲမည်မဟုတ်လော။...သင်တို့သည်၊ ညီအစ်ကိုတို့ကို ထိုသို့ပြစ်မှား၍ သူတို့၌ ကိုယ်ကိုကိုယ်သိသော အားနည်းသောစိတ်ကို ထိခိုက်သောအခါ၊ ခရစ်တော်ကိုလည်း ပြစ်မှားရာသို့ရောက်၏ (၁ ကောရိန္သု ၈:၁၀-၁၂)။

ယုံကြည်သူချင်းများအား ဤနည်းဖြင့် စဉ်းစားရန်ပျက်ကွက်ခြင်းကြောင့်၊ ဝတ်ပြုကိုးကွယ်ခြင်း၏သန့်ရှင်းစင်ကြယ်မှုကို ယိုယွင်းပျက်စီးစေသည့် အားနည်းသောညီအစ်ကိုများ၏အပြစ်တွင် တစ်စိတ်တစ်ပိုင်း တာဝန်ရှိကြသည်။

ကောရိန္သုအသင်းတော်တွင် ဆက်ဆံရေးပျက်စီးခြင်း၊ လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်းများနှင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းအားဖြင့် ပြဿနာများဖြစ်ပေါ်သည်သာမက၊ ပေါလု၏တမန်တော်ဖြစ်ခြင်းဆိုင်ရာ အခွင့်အာဏာကိုလည်း ပြင်းထန်စွာငြင်းဆိုခဲ့ကြသည်။

## ပေါလု၏အခွင့်အာဏာကိုငြင်းပယ်ခြင်း

၁ ကောရိန္သု ၁:၁၂ တွင် ကျွန်ုပ်တို့ဖတ်ရှုပြီးဖြစ်သည့်အတိုင်း၊ ကောရိန္သုမြို့သားများသည် ၎င်းတို့၏အုပ်စုများအတွက် ခေါင်းဆောင်များကို ရွေးချယ်ခြင်းဖြင့် ပေါလု၏အခွင့်အာဏာကို မှေးမှိန်စေခဲ့ကြသည်။ ကျွန်ုပ်တို့မတွေ့ရသေးသည့်အချက်မှာ၊ စာစောင်နှစ်ခုစလုံးတွင် သူ၏တမန်တော်ဖြစ်မှုကိုအသရေဖျက်ရန် ကြိုးပမ်းသူများကို ပေါလု၏ခုခံကာကွယ်ခြင်းဖြစ်သည်။ ဥပမာ၊ ၁ ကောရိန္သု ၉:၁-၃ တွင် ပေါလုရေးသားခဲ့သည်မှာ–

> တမန်တော်ဖြစ်သည်မဟုတ်လော။ ...ငါသည် အခြားသောသူတို့အား တမန်တော်မဖြစ်သော်လည်း၊ သင်တို့အားတမန်တော်အမှန်ဖြစ်၏။ အကြောင်းမူကား၊ ငါသည် တမန်တော်မှန်သည်ဟု သင်တို့သည် တပည့်တော်ဖြစ်သောအားဖြင့် ငါ့ကိုတံဆိပ်ခတ်ကြ၏။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါ့ကိုစစ်ဆေးမေးမြန်းသော သူတို့အား ငါ အပြစ်ဖြေရာစကားဟူမူကား၊ (၁ ကောရိန္သု ၉:၁-၃)။

၂ ကောရိန္သု ၁၂:၁၁-၁၂ တွင်သူဖော်ပြသည်မှာ–

> အဘယ်သို့နည်းဟူမူကား၊ သင်တို့ချီးမွမ်းခြင်းကို ငါခံသင့်၏။ ငါသည် ဘာမျှမဟုတ်သော်လည်း၊ အကြီးဆုံးသောတမန်တော်အောက် အလျှင်းမယုတ်မည့်။…အကယ်စင်စစ်သည်းခံခြင်းနှင့်တကွ နိမိတ်လက္ခဏာအံ့ဘွယ်သောအမှု၊ ထူးဆန်းသောတန်ခိုးများ အားဖြင့် တမန်တော်၏လက္ခဏာတို့ကို သင်တို့တွင် ထင်ရှားစွာပြပြီ (၂ ကောရိန္သု ၁၂:၁၁-၁၂)။

ကောရိန္သုမြို့သားအချို့သည် အလွန်ဝါကြွားလာကာ၊ ခရစ်တော်၏ဧဝံဂေလိတရားကို ယူဆောင်လာပေးသော တမန်တော်၏အခွင့်အာဏာကို ငြင်းပယ်ခဲ့ကြသည်။ သူ့နေရာ၌၊ သူတို့သည် အမှန်တကယ် တမန်တော်မဟုတ်သောသူကို "အကြီးဆုံးသောတမန်တော်" ဟုခေါ် ခဲ့ကြသည်။ ဤတမန်တော်အတုများသည် ပေါလုနှင့် အခြားစစ်မှန်သည့်တမန်တော်များနှင့် တူညီသော သို့မဟုတ် ကြီးမားသောအခွင့်အာဏာရှိသည်ဟု ဆိုကြသည်။ သို့သော် သူတို့သည် အပြစ်ရှိသောတွေးခေါ်မှုနှင့် အသက်ရှင်နေထိုင်မှုသို့သွေးဆောင်သည့် မှားယွင်းသောဧဝံဂေလိတရားကို ကောရိန္သုမြို့သားများကို သွန်သင်ပေးခဲ့သည်။ ၂ ကောရိန္သု ၁၁:၁၂-၁၅ တွင် ပေါလုသည် ဤသူတို့ကို အပြင်းထန်ဆုံးသော အသုံးအနှုန်းများဖြင့် ဝေဖန်ခဲ့သည်–

> အခွင့်ရလိုသောသူတို့သည် အခွင့်မရစေခြင်းငှါ၎င်း၊ ဝါကြွားခြင်းအရာ၌ သူတို့သည် ငါကဲ့သို့ ထင်ရှားစွာ ဖြစ်စေခြင်းငှါ၎င်း၊ ငါပြုခဲ့ပြီးသည်အတိုင်း အစဉ်ပြုဦးမည်။ အကြောင်းမူကား၊ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သော အမှုစောင့်ဖြစ်ကြ၏။ ဤအမှုသည် အံ့ဩဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ် ယောင်ဆောင်တတ်၏။ သို့ဖြစ်၍သူ၏ဆရာတို့သည်လည်း ဖြောင့်မတ်ခြင်းတရားကို ဟောသောဆရာဖြစ်ယောင်ဆောင်လျှင်၊ အဘယ်ဆိုဘွယ်ရှိသနည်း (၂ ကောရိန္သု ၁၁:၁၂-၁၅)။

ပေါလုသည် ၎င်းတို့၏လိမ်လည်မှုတွင် ဆိုးရွားသောအကျိုးဆက်များ ရှိနိုင်သည်ကိုသိသောကြောင့်၊ ဤအကြီးဆုံးသောတမန်တော်ဟု ခေါ်သောသူများကို အလွန်ပြင်းထန်သောအသုံးအနှုန်းဖြင့် ငြင်းဆိုခဲ့သည်။ ကောရိန္သုမြို့သားများသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော်အတုအယောင်များကိုယုံကြည်ပြီး သူ၏သွန်သင်ချက်ကိုငြင်းပယ်ပါက၊ ခရစ်တော်နှင့် ဧဝံဂေလိတရားကို ငြင်းပယ်ကြလိမ့်မည်။

> ပေါလုသည် ကောရိန္သုအသင်းတော်၏ပြဿနာများကို တိုက်ရိုက်နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့ပြီး၊ ထိုသို့အများအပြားရှိသော်လည်း၊ ကျွန်ုပ်၏ခန့်မှန်းချက်အရ ၎င်းတို့အားလုံးသည် ဝါကြွားခြင်း သို့မဟုတ် မာနထောင်လွှားမှုဆိုင်ရာပြဿနာများဖြစ်ကြသည်။ ထိုဝါကြွားခြင်းနှင့် မာနထောင်လွှားမှုသည် နည်းအမျိုးမျိုးဖြင့် ထင်ရှားသည်။ တစ်ခုမှာ၊ အပေါင်းအသင်းစိတ်ဓာတ်ဖြစ်သည်—လူတို့သည် သီးခြားခရစ်ယာန်ဆရာများနှင့် မိမိကိုယ်ကိုတန်းညီပြီး၊ အခြားသူများ၏ပရိသတ်များကို မထီမဲ့မြင်ပြုကြသည်။ ထို့နောက်၊ အကျင့်စာရိတ္တဆိုင်ရာ ကျမ်းစာစံနှုန်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသူများနှင့်၎င်း၊ ယင်းတို့ကို သူတို့အလယ်တွင်အသိအမှတ်ပြုရန်နှင့် ခွဲခြားသတ်မှတ်ရန် ဆန္ဒမရှိသူများနှင့်၎င်း၊ သင့်လျော်စွာ ဆက်ဆံရန်ဆန္ဒမရှိခြင်းဖြင့် ၎င်းသည်ကိုယ်တိုင်ထုတ်ဖော်ပြသခဲ့သည်ဟု ထင်ပါသည်။ ထို့ပြင် ကောရိန္သုဩဝါဒစာပဌမစောင်၏အဆုံး၌ လူတို့သည်မိမိတို့၏ဝိညာဉ်ဆုကျေးဇူးများနှင့်စပ်ဆိုင်သည့် ဝါကြွားခြင်း၊ မာနထောင်လွှားမှုနှင့် ညီအစ်ကိုချင်း၏မတူညီသည့်ဆုကျေးဇူးများထက် မိမိ၏ဝိညာဉ်ဆုကျေးဇူးများကို ချီးမြှောက်သည့်အခန်းများစွာကို ဖော်ပြထားသည်။
>
> **— Rev. Dan Hendley**

ထို့ကြောင့်၊ ကောရိန္သုမြို့သို့စာရေးရန်ဖြစ်ပေါ်စေသည့် သီးခြားပြဿနာများစွာကို ပေါလုရင်ဆိုင်ခဲ့ရကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ဤပြဿနာများကို ကောရိန္သုဩဝါဒစာပဌမစောင်နှင့် ဒုတိယစောင်တစ်လျှောက်တွင် ဖော်ပြထားသည်။

ကောရိန္သုဩဝါဒစာ၏နောက်ခံသမိုင်းကို ဖြစ်ပေါ်လာစေသည့် အရေးကြီးပြဿနာအချို့ကို ကျွန်ုပ်တို့တွေ့မြင်ပြီးနောက်၊ ယခုဤစာစောင်များ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကိုလေ့လာရန် ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ကောရိန္သုအသင်းတော်ရှိ ပြဿနာများကို တမန်တော်ပေါလု မည်သို့ဖော်ပြခဲ့သနည်း။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ကောရိန္သုသြဝါဒစာ၏ဖွဲ့စည်းပုံနှင့်အကြောင်းအရာကို လေ့လာသည့်အခါ၊ ပေါလုနှင့် ကောရိန္သုလူတို့ကြားတွင် စာလေးစောင်အထိအပြန်အလှန်ပို့သည့် အထောက်အထားများရှိကြောင်း မှတ်သားထားရန် အရေးကြီးသည်။ ၁ ကောရိန္သု ၅:၉ တွင် ပေါလုက "အထက်သြဝါဒစာ၌ ငါရေးထားခဲ့ပြီ"ဟုဆိုသည်။ ထို့ကြောင့်၊ ကောရိန္သုသြဝါဒစာပဌမစောင်မတိုင်မီ အနည်းဆုံးစာတစ်စောင်ရှိကြောင်း ကျွန်ုပ်တို့သေချာသိပါသည်။ ၁ ကောရိန္သု ၇:၁ တွင် ပေါလုဖော်ပြသည့် "ငါ့ထံသို့ပေးလိုက်သောစာ" ကိုကိုးကား၍ ကောရိန္သုမြို့သားများသည်လည်း ပေါလုထံ စာပေးပို့ခဲ့ကြသည်။ ဤအချက်များကိုမှတ်သားထားခြင်းဖြင့်၊ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့၌ရှိနေသည့် ကောရိန္သုသြဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို နားလည်သဘောပေါက်ရန် ကူညီပေးသည်။

## ကောရိန္သုသြဝါဒစာပဌမစောင်

ကျွန်ုပ်တို့သည် ကောရိန္သုသြဝါဒစာပဌမစောင်မှစတင်ကာ — ကောရိန္သုသြဝါဒစာပဌမစောင်နှင့် ဒုတိယစောင် — ကျမ်းစာတစ်စောင်စီ၏အဓိကအပိုင်းများ၏အကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြပါမည်။ ကောရိန္သုသြဝါဒစာပဌမစောင်ကို အဓိကအပိုင်းလေးပိုင်းခွဲထားပြီး၊ ပေါလု၏အခြားစာများ၏အခြေခံဖွဲ့စည်းပုံနှင့် ဆင်တူသည်_

- ပထမ၊ နှုတ်ဆက်ခြင်း ၁:၁-၃
- ဒုတိယ၊ ကျေးဇူးတော်ချီးမွမ်းခြင်း ၁:၄-၉
- တတိယ၊ ကျမ်း၏အဓိကကိုယ်ထည် ၁:၁၀–၁၆:၁၂ တွင် ပေါလုလက်ခံရရှိသောစာများနှင့်တင်ပြမှုများအပေါ်တုံ့ပြန်မှုများပါဝင်သည်။
- စတုတ္ထ၊ နိဂုံး ၁၆း၁၃-၂၄ ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျမ်း၏အစနှင့်အဆုံးရှိ အပိုင်းတိုများကို အကျဉ်းချုပ်ပြောပြမည်ဖြစ်ပြီး၊ ထို့နောက် ဤအဓိကကိုယ်ထည်ကို အသေးစိတ်အာရုံစိုက်ပါမည်။ ပေါလု၏နှုတ်ဆက်ခြင်းကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

### နှုတ်ဆက်ခြင်း (၁း၁-၃)

၁း၁-၃ ပါနှုတ်ဆက်ခြင်းသည် ပေါလုအတွက် မျှတသောစံနှုန်းဖြစ်သည်။ ဤစာသည် "ငါ့ညီ" ဟုပေါလုခေါ်သောသုဿင်နှင့် ပေါလုထံမှဖြစ်ကြောင်း အတိုချုပ်ဖော်ပြချက်တစ်ခုဖြစ်သည်။ ကောရိန္သုမြို့ရှိ သုဿင်သည် တမန်တော် ၁၈ တွင်ဖော်ပြထားသောသူနှင့်တူညီကြောင်း ကျွန်ုပ်တို့မသေချာသော်လည်း၊ ကောရိန္သုမြို့ရှိအသင်းတော်သည်

စာ၏ရည်ရွယ်ထားသောပရိသတ်ဖြစ်ကြောင်း ပေါလုအတိအလင်းဖော်ပြထားသည်။ နှုတ်ဆက်ခြင်းတွင် ပေါလု၏နှုတ်ခွန်းဆက်မှုကို မြှင့်တင်ပေးသည့် တိုတောင်းသောကောင်းချီးမင်္ဂလာတစ်ခုလည်း ပါဝင်သည်။

## ကျေးဇူးတော်ချီးမွမ်းခြင်း (၁:၄-၉)

၁:၄-၉ ပါကျေးဇူးတော်ချီးမွမ်းခြင်းသည်လည်း တိုတောင်းသည်၊ ကောရိန္သုမြို့သားများ၏ယုံကြည်ခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာ ဆုကျေးဇူးများအတွက် ပေါလု၏စိတ်သဘောထားနှင့် သူတို့၏ကယ်တင်ခြင်းအပေါ် ယုံကြည်စိတ်ချမှုကို ဖော်ပြသည်။

## နိဂုံး (၁၆:၁၃-၂၄)

စာ၏အဆုံးပိုင်းဖြစ်သော၊ နိဂုံး ၁၆:၁၃-၂၄ တွင် ယေဘုယျတိုက်တွန်းချက်များစွာပါရှိသည်။ သတေဖန်နှင့် သူ့အိမ်သူအိမ်သားတို့၏ထောက်ခံချက်၊ နောက်ဆုံးနှုတ်ခွန်းဆက်စကား၊ ကောင်းချီးမင်္ဂလာနှင့် ပေးစာ၏စစ်မှန်မှုကို အတည်ပြုသည့် ပေါလု၏လက်ရေးမှတ်စုကိုလည်း ကျွန်ုပ်တို့ဖတ်ရသည်။

## အဓိကကိုယ်ထည် (၁:၁၀–၁၆:၁၂)

ဤစိန္တန်းအတိုင်း၊ ကောရိန္သုဩဝါဒစာပဌမစောင်၏သေးငယ်သောအပိုင်းများကို စိတ်ထဲတွင်မှတ်ထားခြင်းဖြင့်၊ ၁:၁၀–၁၆:၁၂ တွင်တွေ့ရသော စာ၏အဓိကကိုယ်ထည်ကို ပိုမိုနီးကပ်စွာကြည့်ကြပါစို့။ ကောရိန္သုဩဝါဒစာပဌမစောင်၏အဓိကကိုယ်ထည်ကို အပိုင်းကြီးနှစ်ပိုင်းအဖြစ် ကောင်းစွာခွဲထားပါသည်_ပထမ၊ ၁:၁၀–၆:၂၀ တွင် ခလောဧမိသားစု၏တင်ပြမှုများအတွက် ပေါလု၏တုံ့ပြန်မှုများပါဝင်သည်။ ဒုတိယ၊ ၇:၁–၁၆:၁၂ တွင် ကောရိန္သုအသင်းတော်မှ သူရရှိခဲ့သောစာစောင်အတွက် ပေါလု၏တုံ့ပြန်မှုများပါရှိသည်။ ခလောဧမိသားစု၏တင်ပြမှုများအပေါ် ပေါလု၏တုံ့ပြန်ချက်များကို ဦးစွာကြည့်ကြပါစို့။

**တင်ပြမှုများကိုတုံ့ပြန်ခြင်း (၁:၁၀–၆:၂၀)။** ပေါလုသည် ဧဖက်မြို့၌ရှိစဉ် ခလောဧအမည်ရှိ ခရစ်ယာန်အမျိုးသမီးတစ်ဦး၏မိတ်ဆွေများ သို့မဟုတ် မိသားစုထံမှ တင်ပြမှုများ ရရှိခဲ့သည်။ ဤအမျိုးသမီးကို ဓမ္မသစ်ကျမ်းဤနေရာတွင်သာ ဖော်ပြထားသော်လည်း၊ ပေါလုသည် သူမ၏တင်ပြမှုများကို ဂရုတစိုက်နှလုံးသွင်းကာ သူတို့ကိုဖော်ပြခဲ့သည်။ ၁:၁၁ တွင်"အကြောင်းမူကား၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်ကို၊ ခလောဧအိမ်သားအချို့တို့သည် ပြောကြ၏" ဟုရေးခဲ့သည်။ ၅:၁ တွင်၊ "မေထုန်၌မှိုဝဲသောသူသည် သင်တို့တွင်ရှိကြောင်းကို အနှံ့အပြားကျော်စောကြ၏" ဟု မှတ်ချက်ပြုခဲ့သည်။ သဘောထားကွဲလွဲမှုများ၊ ရန်ဖြစ်မှုနှင့် လိင်ပိုင်းဆိုင်ရာကိစ္စရပ်များသည် ယနေ့အသင်းတော်များတွင် ဖြစ်ပျက်သည့်နည်းတူ၊ ကောရိန္သုအသင်းတော်ကို ကွဲပြားစေခဲ့သည်။ ဤပြဿနာများသည် မည်မျှအရေးကြီးသည်ကိုသိသောကြောင့် ပေါလုသည်၎င်းတို့ကို ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခလောဣမိသားစု၏တင်ပြမှုများအပေါ် ပေါလု၏တုံ့ပြန်မှုတွင်၊ သူသည် အသင်းတော်အတွင်း သဘောထားကွဲလွဲခြင်းမှစတင်ကာ အဓိကအကြောင်းအရာသုံးခုကို အာရုံစိုက်ခဲ့သည်။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ ကောရိန္သုအသင်းတော်တွင် သဘောထားကွဲလွဲမှုဖြစ်စေသည့် ပြဿနာများစွာရှိသည်။ ၎င်းတို့သည် သီးခြားအသင်းတော်ခေါင်းဆောင်များအပေါ် သစ္စာစောင့်သိမှုဖြင့် အပိုင်းပိုင်းကွဲသွားခဲ့သည်။ တရားစွဲဆိုမှုတွင် အချင်းချင်း ဆန့်ကျင်ကန့်ကွက်ကြသည်။ သူတို့သည် မိမိတို့၏အသင်းတော်နှင့် ယေရုရှလင်မြို့ရှိဆင်းရဲသားများကို အနိုင်ကျင့်ကြသည်။ ပေါလုသည် ဤပြဿနာများကို နည်းအမျိုးမျိုးဖြင့် ဖြေရှင်းခဲ့သည်။

နည်းလမ်းတစ်ခုအနေဖြင့်၊ ယေရှုကို သူတို့၏အဓိကခေါင်းဆောင်အဖြစ် ရှုမြင်ပြီး တမန်တော်များနှင့် ဆရာများကို ခရစ်တော်၏အစေခံများအဖြစ် မှတ်ယူပါက၊ ကောရိန္သုမြို့သားများကြား အချို့သောတမန်တော်များနှင့် ဆရာသမားများကိုနှစ်သက်မှုကြောင့် ပွတ်တိုက်မှုရှိမည်မဟုတ်ကြောင်း သူတိုက်တွန်းခဲ့သည်။ အသင်းတော်တွင် တမန်တော်များနှင့် ဆရာသမားအချို့ကို ချီးမြှောက်လွန်းပြီး အခြားသူများကို နှိမ့်ချလွန်းသဖြင့်၊ ၎င်းတို့အားလုံးထက် သာလွန်ကောင်းမွန်သောယေရှုကို ကောရိန္သုမြို့သားများသည်မေ့လျော့ခဲ့ကြသည်။ ပေါလုသည် အသင်းတော်အတွင်း လောကီပညာစံနှုန်းများကို ကျင့်သုံးခြင်း၏ဆိုးကျိုးများကိုလည်း ဖော်ထုတ်ခဲ့သည်။ ကောရိန္သုအသင်းတော်တွင် ဩဇာတိက္ကမရှိသော လူနည်းစုဖြစ်သည့် လူ့အဖွဲ့အစည်း၏လေးစားမှုခံရသော ချမ်းသာပြီး ပညာတတ်အမျိုးသားများနှင့် အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသည်မှာ ထင်ရှားသည်။ ဤလောကတန်ဖိုးများကို လက်ခံကျင့်သုံးခြင်းဖြင့် ခရစ်တော်၌ညီအစ်ကို မောင်နှမများအချင်းချင်းကို ညှဉ်းပန်းနှိပ်စက်ခြင်းသို့ ဦးတည်စေခဲ့သည်။ ထို့ကြောင့် ပေါလုသည် ၁:၁၉-၂၀ တွင် ဤစကားများကိုရေးသားခဲ့သည်_

> ကျမ်းစာလာသည်ကား၊ ပညာရှိတို့၏ပညာကို ငါဖျက်ဆီးမည်။
> ဉာဏ်ကောင်းသောသူတို့၏ဉာဏ်ကိုလည်း ငါပယ်မည်ဟု လာသတည်း။
> ပညာရှိကား အဘယ်မှာရှိသနည်း။ ကျမ်းပြုဆရာကား အဘယ်မှာရှိသနည်း။
> ပြဿနာ၌လေ့ကျက်သောဆရာကား အဘယ်မှာရှိသနည်း။ လောကီပညာကို
> ဘုရားသခင်သည် မိုက်စေတော်မူသည် မဟုတ်လော (၁ ကောရိန္သု ၁:၁၉-၂၀)။

ကောရိန္သုမြို့သားတို့ကို လောကီကဲ့သို့တွေးခေါ်ခြင်းအတွက် မိုက်မဲသည်ဟုပြောသည့်အပြင်၊ သူတို့သည် ဝိညာဉ်ရေးတွင်နုငယ်ပြီး လောကီသားဖြစ်ကြောင်းကိုလည်း သိစေခဲ့သည်။ ၃း၁-၂ ၌ သူရေးခဲ့သည်မှာ_

> ညီအစ်ကိုတို့၊ အထက်ကငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့
> သင်တို့အား ဟောပြောရသောအခွင့်မရှိဘဲ၊ ဇာတိပကတိလူတို့အား၎င်း၊
> ခရစ်တော်၌သူငယ်ကလေးတို့အား၎င်း၊ ဟောပြောသကဲ့သို့ဟောပြောရ၏။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယခုတိုင်အောင်သင်တို့သည် ခဲဘွယ်စားဘွယ်ကို မကြေနိုင်သောကြောင့် ငါမကျွေးရ၊ နို့ကိုသာတိုက်ရ၏။ ယခုပင်လည်း၊ သင်တို့သည် မကြေနိုင်ကြသေး (၁ ကောရိန္သု ၃:၁-၂)။

တစ်နည်းဆိုရသော်၊ ကောရိန္သုမြို့သားအချို့သည် လောကီပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆန်းပြားသောစံနှုန်းများဖြင့် မိမိကိုယ်ကို အခြားသူများထက်သာလွန်သည်ဟု ထင်ကြသော်လည်း၊ လက်တွေ့တွင်မူ ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ဘာမျှ မသိကြပါ။ သူတို့၏လောကတန်ဖိုးများသည် ဝိညာဉ်ရေးသမ္မာတရားကို ကွယ်စေခဲ့သည်။

> ပေါလုရေးသားစဉ် ကောရိန္သုအသင်းတော်တွင်၊ ပေါလုနှင့် အာပေါလုတို့ကိုအခြေခံ၍၊ အခြားသူများ၌လည်း သဘောထားကွဲလွဲမှုများရှိနေသည်။ အထူးသဖြင့် အာပေါလုသည် လူထုကို ကောင်းမွန်စွာဟောပြောနိုင်သူဖြစ်သည်။ သူ့တွင် ပေါလု၌မရှိသော အလွန်ကောင်းမွန်သည့်နှုတ်စွမ်းရည် ရှိသည်။ ကောရိန္သုသြဝါဒစာဒုတိယစောင်တွင်၊ ပေါလုက သူ့တွင် အခြားသောဘာသာစကားဆုကျေးဇူးမရှိကြောင်း၊ သူသည် တမန်တော်နှင့် အသင်းတော်ကို တည်ထောင်ခဲ့သူဖြစ်သောကြောင့်၊ လူများက သူ့ထံတွင်ဆည်းကပ်ကြမည့်အကြောင်း ဆိုခဲ့သည်။ ပေါလုဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ထိုလူ့အရည်အသွေးများကို ကြည့်ဖို့ရန်မဟုတ်ပါ။ ပေါလုက သူ့ကိုယ်သူ ရှေ့တန်းတင်နေခြင်းမဟုတ်ပါ။ သူသည် ယေရှုခရစ်ကို ရှေ့တန်းတင်ထားသည်။ ၎င်းသည် အဓိကဖြစ်သည်။ ထို့အပြင်၊ ထိုစွမ်းရည်များ၊ အာပေါလုနှင့်အခြားသူများ၏နှုတ်စွမ်းရည်များကို အသင်းတော်သည်ဆုပ်ကိုင်ထားသောကြောင့်၊ ပေါလုသည်အမှန်တကယ်တွင် အသင်းတော်တွင်ပျံ့နှံ့နေသည့် ရှုထောင့်ကိုပြောင်းပြန်လှန်နေသည်။ ကောရိန္သုမြို့သားများသည် လူ့ဆုကျေးဇူးများကို ရှာဖွေနေကြသည်။ သူတို့သည် အခွင့်အာဏာနှင့် လူအများအာရုံစိုက်သည့်အရာများကို ရှာဖွေတတ်ကြသည်။ သို့သော် လက်ဝါးကပ်တိုင်သည် ၎င်း၏ဆန့်ကျင်ဘက်ဖြစ်သည်။ လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ကယ်တင်ခြင်းသို့ ရောက်စေသောနည်းလမ်းဖြစ်ပြီး၊ အရေးကြီးသည်မှာ လူသား၏အစွမ်းတန်ခိုးမဟုတ်ကြောင်း၊ ကိုယ်တော်၏ကျေးဇူးတော်ဖြစ်ကြောင်း ပြသရန်ဖြစ်သည်။
>
> **Dr Donald Cobb**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် အသင်းတော်အတွင်း အကျင့်ယိုယွင်းမှုနှင့်ပတ်သက်သည့် ခလောက္ကမိသားစု၏တင်ပြမှုများကိုလည်း တုံ့ပြန်ခဲ့သည်။ အဘ၏မယားနှင့်အတူနေသည့် အမျိုးသား၏ဖြစ်ရပ်ကို ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ ပေါလုသည် ထိုပြဿနာကို ၅:၁-၁၃ တွင်ဖော်ပြခဲ့သည်။ သို့သော် ၆:၁၂-၂၀ တွင် ထိုအကြောင်းအရာကို ယေဘူယျအားဖြင့်သာ ရေးခဲ့သည်။ ဤအခန်းငယ်များတွင်၊ ကောရိန္တုမြို့သားများသည် ကြွေးကြော်သံကို အလွဲသုံးစားလုပ်ခြင်းဖြင့် အချင်းချင်းငြင်းခုံကြသည်ကို တွေ့ရသည်_ "ငါသည် အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည်" ဤကြွေးကြော်သံကို ကောရိန္တုအသင်းတော်တွင်မည်သို့မိတ်ဆက်ခဲ့သည်ကို ကျွန်ုပ်တို့မသိသော်လည်း၊ လိင်ကိစ္စနှင့်ပတ်သက်၍ ငြင်းခုံခြင်းဖြင့် ၎င်းကိုမှားယွင်းစွာကျင့်သုံးခဲ့ကြသည်။ ပေါလုသည် ဤအမှားကို အခန်းငယ် ၁၂-၁၃ ပါ ကြွေးကြော်သံအပေါ် အရည်အချင်းပြည့်မီခြင်းဖြင့် တိုက်ရိုက်တုံ့ပြန်ခဲ့သည်_

> ငါသည် အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည် မှန်စေတော့။ ခပ်သိမ်းသောအမှုအရာကို ပြုသင့်သည်မဟုတ်။ အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည်မှန်စေတော့။ အဘယ်အမှုအရာ၌မျှ ငါသည်ကျွန်မခံ။...ကိုယ်ခန္ဓာသည် မတရားသောမေထုန်အဘို့ဖြစ်သည်မဟုတ်။ သခင်ဘုရားအဘို့ဖြစ်၏။ သခင်ဘုရားသည်လည်း ကိုယ်ခန္ဓာအဘို့ ဖြစ်တော်မူ၏ (၁ ကောရိန္တု ၆:၁၂-၁၃)။

ခရစ်ယာန်များအတွက် မည်သည့်လိင်ဆက်ဆံမှုမျိုးမဆို ခွင့်ပြုထားကြောင်း ကောရိန္တုလူအချို့ထင်မြင်ခဲ့သော်လည်း၊ ပေါလုက၎င်းသည် လုံးဝမဟုတ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

> ပေါလုသည် ကောရိန္တုအသင်းတော်တစ်ဝိုက်ပျံ့နှံ့နေသော အလွန်လူသိများသော ဆောင်ပုဒ်တစ်ခုကို ကိုးကားနေပုံရသည်။ သူတို့၏လစ်ဘရယ် သဘောထားများနှင့် အချို့သော ဆရာအတုအယောင်များက "နားထောင်ကြပါ၊ ကျွန်ုပ်တို့သည်ခွင့်လွှတ်ခြင်းခံပြီးပြီဖြစ်၍၊ အရာအားလုံးကို ပြုလုပ်နိုင်သည်"ဟုဆိုကြသည်။ ပေါလုဆိုလိုသည်မှာ "မည်သည့်အရာ ခွင့်ပြုသည်ထက်၊ ထိရောက်မှုအဘယ်အရာရှိသည်"ဟူ၍ဖြစ်သည်။ မည်သည့်အရာအတွက် အကျိုးရှိသနည်း။ သင့်ကိုယ်ပိုင်ယုံကြည်ခြင်းအတွက်၎င်း၊ ခရစ်တော်အားဖြင့်ဘုရားသခင်နှင့် ဆက်ဆံရေးအတွက်၎င်း၊ သင်၏ကယ်တင်ခြင်းအတွက်၎င်း အကျိုးရှိသည်။ ကျွန်ုပ်တို့သည် အမှန်တကယ်ခွင့်လွှတ်ခြင်းခံရပါက၊ ကျွန်ုပ်တို့၏အသက်တာသည် ခွင့်လွှတ်ခြင်းခံရရုံသာမဟုတ်ဘဲ၊ ဘုရားသခင်နှင့် မှန်ကန်သောဆက်ဆံမှုရှိရန်ဖြစ်သည်ဟူသော အမှန်တရားကို ထင်ဟပ်စေမည်ဖြစ်သည်... ထို့ကြောင့်၊ ကျွန်ုပ်တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်မနှစ်သက်သောအရာများနှင့် ဝေးဝေးနေရမည်ကိုသိမြင်ပြီး၊ ယင်းအစား၊ ကိုယ်တော်အလိုရှိသည့်အရာကို လုပ်ဆောင်ခြင်းဖြစ်သည်။

**Dr Steve Blakemore**

ယခု အခန်းကြီး ၆ တွင်၊ ပေါလုသည် ခရစ်တော်မကြွလာမီ ကောရိန္သုမြို့သားတို့၏စရိုက်လက္ခဏာကိုဖော်ဆောင်သည့် မတရားမေထုန်ပြုခြင်း၊ သူ့မယားပြစ်မှားခြင်း၊ ယောကျ်ားနှင့် မိန်းမ ပြည့်တန်ဆာပြုခြင်းနှင့် လိင်တူဆက်ဆံခြင်းအပါအဝင် လိင်မှုဆိုင်ရာအပြစ်များစွာကို ဖော်ပြခဲ့သည်။ သူ၏ပြောဆိုချက်များက ဤအပြုအမူများတွင်ပါဝင်နေသော ကောရိန္သုအသင်းသားများဆီသို့ ဦးတည်နေသည်မှာ မသေချာသော်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ၊ အဘ၏မယားနှင့်အတူနေသော အမျိုးသားအပေါ် အသင်းတော်၏ခွင့်လွှတ်မှုသည် ၎င်းတို့၏လိင်ပိုင်းဆိုင်ရာ ပေါ့လျော့သောကျင့်ဝတ်များကို ထင်ရှားစွာပြသသည်။

နောက်ဆုံးတွင်၊ ပေါလုသည် အခြားအငြင်းပွားဖွယ်ကိစ္စရပ်နှင့်ပတ်သက်၍ အသင်းတော်အား ယခင်ကပေးခဲ့သော ညွှန်ကြားချက်အချို့ကို ရှင်းပြခဲ့သည်_ ခရစ်တော်၏နောက်လိုက်မဟုတ်သော အခြားသူများနှင့် ခရစ်ယာန်များသည် ပေါင်းသင်းနေသည်။ သေချာသည်မှာ၊ ပေါလုသည် မယုံကြည်သူများထံ ဧဝံဂေလိတရားရောက်ရှိစေရန် ကောရိန္သုမြို့ရှိခရစ်ယာန်များအား မယုံကြည်သူများနှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားစေလိုသည်။ သို့ရာတွင်၊ အဘ၏မယားနှင့်အတူနေသည့် ယုံကြည်သူများဟုဆိုသော အပြစ်သားများနှင့် သူတို့ဝေးဝေးနေရန်ပြောဆိုခဲ့သည်။ ထိုသို့သောအခြေအနေမျိုးတွင်၊ ကောရိန္သုအသင်းတော်သည် ပြစ်မှုကျူးလွန်သူများနှင့်မပေါင်းဘော်ဘဲ မှန်ကန်သောအသင်းတော်စည်းကမ်းကို လိုအပ်ပါကကျင့်သုံးရန်ဖြစ်သည်။ ၅:၉-၁၁ တွင် ဤအကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြပုံကို နားထောင်ပါ_

> သင်တို့သည် မတရားသောမေထုန်၌ မှီဝဲသောသူတို့နှင့် မပေါင်းဘော်မည်အကြောင်း၊ အထက်သြဝါဒစာ၌ ငါရေးထားခဲ့ပြီ။ ထိုသို့ရေးထားသော်၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ အနိုင်အထက်လုယူခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်းအမှုကိုပြုသော လောကီသားတို့နှင့်အလျှင်းမပေါင်းဘော်ရဟုမဆိုလို။ ထိုသို့ဆိုလျှင်၊ သင်တို့သည်လောကီမှ ထွက်သွားရကြမည်။ ယခုမူကား ညီအစ်ကိုဟု ခေါ်ဝေါ်သောသူသည် မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ ဆဲရေးကဲ့ရဲ့ခြင်း၊ သေရည်သေရက်နှင့် ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှစ၍၊ ထိုသို့သောအမှုကိုပြုသောသူနှင့်မပေါင်းဘော်ရသည်သာမက၊ ထိုသူနှင့်

အတူစားသောက်ခြင်း ကိစ္စကိုမျှမပြုရဟု ငါရေးထား၏ပြည့်တတ်၏ (၁ ကောရိန္သု ၅:၉-၁၁)။

ကောရိန္သုသြဝါဒစာပဌမစောင်၏အဓိကကိုယ်ထည်၏ပထမအပိုင်းတွင် ခလောဧကမိသားစု၏တင်ပြမှုများအပေါ်ပေါလု၏တုံ့ပြန်မှုများကိုကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဒုတိယအပိုင်း ၇:၁–၁၆:၁၂ တွင်၊ ကောရိန္သုအသင်းတော်ရှိ အမည်မဖော်လိုသည့်အဖွဲ့များ၏ပေးစာများအပေါ် ပေါလု၏တုံ့ပြန်ချက်များကို တွေ့ရပါသည်။

**ပေးစာအားတုံ့ပြန်ခြင်း (၇:၁–၁၆:၁၂)။** ကောရိန္သုမြို့ရှိ ခရစ်ယာန်အသိုက်အဝန်းတွင် အငြင်းပွားမှုအလွန်များပြားသောကြောင့်၊ အချို့သောပြဿနာများကိုဖြေရှင်းရန် ပေါလုထံ အနည်းဆုံးစာတစ်စောင် ပေးပို့ခဲ့သည်မှာထင်ရှားသည်။ ထို့ကြောင့် သူသည် ၇:၁ တွင်"သင်တို့သည် ငါ့ထံသို့ပေးလိုက်သောစာ၌ ပါသောအရာမှာ၊" ဟုဆိုကာ စာ၏ဤအပိုင်းကိုစတင်ခဲ့သည်။ ယခု၊ သူ၏အဖြေအချို့ကို ယေဘုယျအနေဖြင့် ပို၍ယူဆနိုင်သော်လည်း၊ သူရေးသားစဉ်တွင် ပေါ်ပေါက်လာသောမေးခွန်းများဖြစ်သည့် ၇:၂၅ တွင်"အိမ်ထောင်ပြုခြင်းအကြောင်း"၊ ၈:၁ တွင် "ရုပ်တုရှေ့၌ပူဇော်သော အစားအစာအကြောင်း"၊ ၁၂:၁ တွင် "ဝိညာဉ်ဆုကျေးဇူးများအကြောင်း"၊ ၁၆:၁ တွင်"သန့်ရှင်းသူတို့အတွက် စုဆောင်းခြင်းအကြောင်း၊"၁၆:၁၂ တွင်"ကျွန်ုပ်တို့၏ညီ အာပေါလုအကြောင်း"တို့ကိုအတိအလင်း ကိုးကားဖော်ပြထားပါသည်။ ကောရိန္သုလူတို့၏မေးခွန်းများအပေါ်ပေါလု၏အဖြေများကို အဓိကအပိုင်းခြောက်ပိုင်း ပိုင်းခြားနိုင်ပါသည်။

ပထမ၊ ၇:၁-၄၀ တွင် ပေါလုသည် လက်ထပ်ထိမ်းမြားခြင်း၊ နောက်အိမ်ထောင်ပြုခြင်းနှင့် တစ်ကိုယ်တည်းနေခြင်းဆိုင်ရာ ပြဿနာများကို တုံ့ပြန်ခဲ့သည်။ အစောပိုင်းတွင် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ကောရိန္သုမြို့ရှိ ယုံကြည်သူအချို့သည် ဖြူးဖြူးချွေတာခြင်းနှင့် အိမ်ထောင်အတွင်း၌ပင် လိင်ပိုင်းဆိုင်ရာရှောင်ကြဉ်ခြင်းကို လက်ခံကျင့်သုံးခဲ့ကြသည်။ ဖြူးဖြူးချွေတာခြင်းအပေါ် ယုံကြည်သူများ၏စိတ်သဘောထားသည် အိမ်ထောင်အတွင်း လိင်ပိုင်းဆိုင်ရာအပြုအမူနှင့် လက်ထပ်ထိမ်းမြားခြင်း၏တန်ဖိုးနှင့်ပတ်သက်၍ လေးနက်သည့်မေးခွန်းဖြစ်ပေါ်စေခဲ့သည်။ ဤအချက်ကို တုံ့ပြန်သောအားဖြင့် ပေါလုသည်လက်ထပ်ထိမ်းမြားခြင်းနှင့် တစ်ကိုယ်တည်းနေခြင်း နှစ်မျိုးလုံးကိုအတည်ပြုခဲ့ပြီး၊ လက်ထပ်ထိမ်းမြားခြင်းတွင် ခင်ပွန်းနှင့် ဇနီးကြားလိင်ဆက်ဆံမှု ပါဝင်ရမည်ဟု အခိုင်အမာပြောကြားခဲ့သည်။ သို့သော် တစ်ကိုယ်တည်းနေခြင်းသည် ယုံကြည်သူများကို "သခင်ဘုရား၏အရာများတွင်" ပိုမိုအာရုံစိုက်နိုင်စေခြင်းအကျိုးကျေးဇူးရှိကြောင်း—၎င်းသည်၊ မိမိတို့၏မိသားစု၏လိုအပ်ချက်များထက် ခရစ်တော်၏နိုင်ငံတော်၏အကျိုးအတွက်ဖြစ်ကြောင်းကိုလည်း သွန်သင်ခဲ့သည်။ အချို့သောအနက်ပြန်သူများက ပေါလုသည် အကြပ်အတည်းအခြေအနေများအတွင်း၌သာ လက်ထပ်ထိမ်းမြားခြင်းထက် တစ်ကိုယ်တည်းနေရန် ထောက်ခံအားပေးခဲ့ကြောင်းယုံကြည်ကြပြီး၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချို့က ဤညွှန်ကြားချက်သည် ယုံကြည်သူအားလုံးအဖို့ အချိန်တိုင်းအတွက်သက်ဆိုင်သည်ဟု ယုံကြည်ကြသည်။

၈:၁–၁၁:၁ တွင်၊ ပေါလုသည် ရုပ်တုများအားပူဇော်ထားသော အသားများအကြောင်းကို ဟောပြောခဲ့သည်။ နတ်ဘုရားကျောင်းများတွင် ရုပ်တုများအားပူဇော်ထားသော အစားအစာများအကြောင်း ကျွန်ုပ်တို့ပြောထားပြီးဖြစ်သည်၊ ၎င်းသည် အခန်း ၈ ၏အဓိကအကြောင်းအရာဖြစ်သည်။ သို့သော် နတ်ဘုရားကျောင်းများတွင် သူတို့သတ်သည့် တိရိစ္ဆာန်များ၏အသားအားလုံးကို မပူဇော်ပါ။ အကြွင်းအကျန်များကိုစားသုံးရန် နတ်ဘုရားကျောင်းအပြင်ဘက်တွင် ရောင်းချကြသည်။ အခန်းကြီး ၈ ၏အဆုံးတွင်၊ အခြားခရစ်ယာန်များ ထိမိ၍လဲစရာဖြစ်မည်ဆိုပါက ဤအသားကို သူသည်စားမည်မဟုတ်ကြောင်း ရှင်းပြခဲ့သည်။ ထို့နောက် အခန်းကြီး ၉ တွင်၊ သူသည် ခရစ်တော်၌လွတ်လပ်သည်ဟု ရှင်းပြခဲ့သော်လည်း၊ သူသည် အခြားသူများနှင့် ခရစ်တော်အတွက်အမှုတော်ဆောင်ခြင်းတွင် သူ၏ခရစ်ယာန်လွတ်လပ်မှုကို ကန့်သတ်ရန် ဆန္ဒရှိကြောင်း ရှင်းပြခဲ့သည်။ အခန်း ၁၀ တွင်၊ ပေါလုသည် ဈေး၌ရောင်းသည့် ရုပ်တုများအားပူဇော်သော အသားများကို စားသောက်ခြင်းနှင့် ကျွေးမွေးခြင်းအကြောင်းတို့ကို တိုက်ရိုက်ဖော်ပြခဲ့သည်။ မှားယွင်းသည့်ဝတ်ပြုကိုးကွယ်ခြင်း သို့မဟုတ် သူတို့၏သြတ္တပ္ပစိတ်ကို ဖောက်ဖျက်ခြင်းမပြုသရွေ့ ဤအသားကိုဝယ်စားသည့် ယုံကြည်သူများကို သူကာကွယ်ပေးခဲ့သည်။ သို့သော် ထိုကဲ့သို့သော အစားအစာများကို စားသုံးခြင်းသည် ရုပ်တုကိုးကွယ်မှုကို ထောက်ခံမှုတစ်ခုအဖြစ် နားလည်မှုလွဲသွားနိုင်ဟုလည်း သူတို့ကို သွန်သင်ပေးခဲ့သည်။

> ၁ ကောရိန္တု ၈ တွင် … ထိုအချိန်၌
> ကောရိန္တုမြို့၌မည်သည့်အရာဖြစ်ပျက်နေသနည်း။
> ရုပ်တုများအားပူဇော်သည့်အသားကို စားသင့်၊ မစားသင့်ဟူသည်ကို
> အသင်းတော်သည် မေးခွန်းထုတ်သည်။ အမှန်တကယ်တွင်၊ ထိုအချိန်က
> သင်ရှာတွေ့နိုင်သည့် ဈေးအသက်သာဆုံးအသားမှာ
> ရုပ်တုများအားပူဇော်သောအသားဖြစ်သည်။ များစွာပေါများသောကြောင့်
> ဈေးကွက်တွင် အလွန်သက်သာသောဈေးနှုန်းဖြင့် ရနိုင်သည်။ အသင်းတော်သည်
> ဆင်းရဲသည်။ အသင်းတော်သည်
> အသားကိုမြင့်မားသောဈေးနှုန်းဖြင့်မတတ်နိုင်ပါ။ ထို့ကြောင့်၊ သူတို့သည်
> ဈေးသို့သွား၍ ရုပ်တုများအားပူဇော်ထားသည့် ဈေးသက်သာသောအသားများကို
> ဝယ်၍စားကြသည်။ သို့သော် ၎င်းနှင့်ပတ်သက်၍ပြဿနာရှိသည့်
> ခရစ်ယာန်အချို့ရှိခဲ့သည်၊ ပေါလုကကျွန်ုပ်တို့သည်
> ထိမိ၍လဲစရာကျောက်မဖြစ်သင့်ဟု ရှင်းပြခဲ့သည်။
> သင်၏သြတ္တပ္ပစိတ်၌ပြဿနာမရှိလျှင်စားနိုင်သည်… သို့သော်
> သင်၏ညီအစ်ကိုအတွက် ထိမိ၍လဲစရာကျောက် မဖြစ်သင့်ပါ။

၁၁:၂-၃၄ တွင်၊ ပေါလုသည် အခန်းငယ် ၂-၁၆ တွင် သူပြောခဲ့သော ကျားမရေးရာ အခန်းကဏ္ဍများနှင့် အခန်းငယ် ၁၇-၃၄ တွင်ဖော်ပြခဲ့သည့် သခင်ဘုရား၏ညစာစားပွဲတော်အတွင်း ဆင်းရဲသားများအား နှိပ်စက်ညှဉ်းပန်းခြင်းစသည့် ဝတ်ပြုကိုးကွယ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်နှစ်ခုကို မိန့်တော်မူခဲ့သည်။ အသင်းတော်အတွင်း အုပ်စုဖွဲ့ခြင်း၊ တရားစွဲဆိုခြင်းများနှင့် ရုပ်တုများအားပူဇော်သောအသားများနှင့်ပတ်သက်၍ အငြင်းပွားစေသည့် မာနထောင်လွှားမှုနှင့် ဝိညာဉ်ရေးရာသာလွန်မှုစိတ်သဘောထားတို့သည်၊ ဝတ်ပြုကိုးကွယ်ခြင်းတွင် ယုံကြည်သူများကို အချင်းချင်းမရိုမသေဖြစ်စေသည်။ ပေါလု၏ဖြေရှင်းချက်သည် ရိုင်းစိုင်းသောအပြုအမူများကို ရပ်တန့်ရန်မဟုတ်ဘဲ၊ လူတိုင်းတစ်ဦးနှင့်တစ်ဦးအပေါ်ထားရှိသော ၎င်းတို့၏သဘောထားကို ပြောင်းလဲရန်ဖြစ်သောကြောင့် အံ့သြစရာမဟုတ်ပါ။

၁၂:၁–၁၄:၄၀ တွင် ပေါလုသည် ဝိညာဉ်ဆုကျေးဇူးများကို အသုံးပြုခြင်းနှင့်ပတ်သက်သည့် ပြဿနာများကို ဟောပြောခဲ့သည်။ အခန်းကြီး ၁၂ တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုကျေးဇူးများကို လက်ခံရရှိသူများ၏အဆင့်အတန်းကို မြှင့်တင်ရန် သို့မဟုတ် ဖြောင့်မတ်သူကို ဆုလာဘ်အဖြစ်ပေးခြင်းမဟုတ်ကြောင်း ရှင်းပြခဲ့သည်။ ယင်းအစား ကိုယ်တော်သည် အသင်းတော်၌အခြားသူများကို တည်ဆောက်ရန် လူတို့အားဆုကျေးဇူးကိုပေးခဲ့သည်။ အခန်းကြီး ၁၃ တွင်—၎င်းကို"ချစ်ခြင်းမေတ္တာအခန်း" အဖြစ်ဖော်ပြလေ့ရှိသည်— ဝိညာဉ်ဆုကျေးဇူးအားလုံးကို ချစ်ခြင်းမေတ္တာ၌အသုံးပြုရမည်ဟု ပေါလုရှင်းပြခဲ့သည်။ ဝိညာဉ်ဆုကျေးဇူးများကို သူတပါးအားချစ်ခြင်း၌အသုံးမပြုပါက၊ ၎င်းတို့သည်အချည်းနှီးဖြစ်ကြောင်း ရှင်းလင်းစွာသူဖော်ပြခဲ့သည်။ ထို့နောက် အခန်းကြီး ၁၄ တွင် ပေါလုသည် ကောရိန္သုမြို့သားများ၏ မတရားသောဝတ်ပြုကိုးကွယ်မှုများအတွက် ပြစ်တင်ဆုံးမခဲ့သည်။ သူတို့သွားရောက်လည်ပတ်ခဲ့သော မယုံကြည်သူအပါအဝင် အခြားသူများ၏အကျိုးအတွက် အများပြည်သူဝတ်ပြုကိုးကွယ်ခြင်းတွင် ဆုကျေးဇူးများအသုံးပြုခြင်းကို မည်သို့ထိန်းချုပ်ရမည်ကိုလည်း လမ်းညွှန်ပေးခဲ့သည်။

အခန်း ၁၅:၁-၅၈ သည် ယုံကြည်သူအားလုံး၏ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ အကြောင်းအရာကို မိတ်ဆက်ပေးသည်။ အနက်ပြန်သူများသည် ဤကျမ်းပိုဒ်ကို ခရစ်တော်၏သေခြင်းမှထမြောက်ခြင်းနှင့်ပတ်သက်၍ ပေါလု၏ခုခံကာကွယ်သည့်ကျမ်းပိုဒ်အဖြစ်မှတ်ယူကြသည်။ သို့သော် ကျယ်ပြန့်သောဆက်စပ်မှုကိုကြည့်လျှင်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းအပေါ် ပေါလု၏အာရုံစူးစိုက်မှုသည် အသင်းတော်အတွင်း သဘောထားကွဲလွဲမှုဖြစ်စေသည့် အရေးကြီးသောနားလည်လွဲမှုကို အမှန်တကယ်ဖြေရှင်းခဲ့သည်ကို တွေ့မြင်နိုင်သည်။ လက်ထပ်ထိမ်းမြားခြင်း၊ ရုပ်တုရှေ့၌ပူဇော်သောအစားအစာ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဝိညာဉ်ဆုကျေးဇူးများနှင့်ပတ်သက်၍ အငြင်းပွားမှုများသည် ကောရိန္သုလူတို့၏မာနထောင်လွှားမှုတွင် အမြစ်တွယ်နေခဲ့သည်။ သူတို့၏မာနထောင်လွှားမှုကြောင့်၊ အချို့သူများသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းတို့၏နေ့စဉ်အသက်တာတွင် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၏အရေးပါမှုကို မေ့လျော့ကြသည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည်၊ ဘုန်းအသရေအပြည့်အဝမခံမီ သူတို့သည်လည်း၊ ထမြောက်မည်ဟုဆိုလိုကြောင်း သူတို့နားမလည်ခဲ့ကြပါ။ ကောရိန္သုမြို့သားများ အလွန်ဂုဏ်ယူခဲ့ကြသော ဆုကျေးဇူးများနှင့် ကောင်းချီးမင်္ဂလာများသည် ၎င်းတို့၏အဆုံးစွန်သောဘုန်းအသရေမဟုတ်သောကြောင့် အချင်းချင်းအပေါ် နှိမ့်ချမှုရှိရန်လိုအပ်သည်။ ခရစ်တော်သည် သေခြင်းမှထမြောက်သောအခါ ဘုန်းထင်ရှားခဲ့ပြီး၊ ခမည်းတော်၏ဘုန်းအသရေ အပြည့်အဝရရှိသည့်တိုင်အောင် စောင့်မျှော်နေသကဲ့သို့ ယုံကြည်သူများသည် နောက်ဆုံးသောနေ့တွင် ထမြောက်သောအခါမှသာ သူတို့၏ဘုန်းအသရေကို အပြည့်အဝရရှိမည်ဖြစ်သည်။

　　ပေါလုသည် ၁၆:၁-၁၂ တွင် ကောရိန္သုလူတို့၏မေးခွန်းများကို ယေရုရှလင်မြို့ရှိ လိုအပ်နေသောအသင်းတော်အတွက် မည်သို့စုဆောင်းပေးရမည်ကို လမ်းညွှန်ပေးခြင်းနှင့် အာပေါလုအကြောင်း အနည်းငယ်မှတ်ချက်ပေးခြင်းဖြင့် ဖြေဆိုခဲ့သည်။

　　ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ကောရိန္သုသြဝါဒစာပဌမစောင်တွင် ပေါလုသည် ခလောဧမိသားစု သို့မဟုတ် မိတ်ဆွေများ၏တင်ပြမှုများနှင့် ကောရိန္သုမြို့သားများပေးပို့သောစာမှတစ်ဆင့် သူအာရုံစိုက်မိသောသီးခြားပြဿနာများစွာကို ဖော်ပြခဲ့သည်။ သို့သော် ဤပြဿနာများသည် ကောရိန္သုအသင်းတော်အတွက် သီးသန့်ဖြစ်သကဲ့သို့၊ မျိုးဆက်တိုင်းရှိ အသင်းတော်တိုင်းတွင် အလားတူပြဿနာများကို မည်သို့ရင်ဆိုင်ရသည်ကိုမြင်တွေ့ရန် မခက်ခဲပါ။ ကျွန်ုပ်တို့၏အသင်းတော်များတွင် မည်သည့်အရာသည် အငြင်းပွားမှုများမကြာခဏဖြစ်စေသနည်း။ ကျွန်ုပ်တို့သည် အသင်းတော်အတွင်း အဘယ်ကြောင့် သဘောထားကွဲလွဲမှုများရှိနေသနည်း။ အဘယ်ကြောင့်ဆိုသော်၊ ကောရိန္သုမြို့သားများကဲ့သို့ပင်၊ လူမှုအဆင့်အတန်း၊ တင်းကျပ်သောဘာသာရေးကိုင်းရှိုင်းမှုများ၊ ဝိညာဉ်ဆုကျေးဇူးများ၊ သာလွန်သောအသိပညာနှင့် ထိုအရာများသည် အခြားသူများထက် ကျွန်ုပ်တို့ကိုပိုကောင်းစေသည်ဟု မကြာခဏ ယူဆသောကြောင့်ဖြစ်သည်။ အကြီးမားဆုံးသော ခရစ်ယာန်သီလသည် အချင်းချင်းချစ်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့မေ့နေကြသည်။ ဤသည်မှာ ကောရိန္သုမြို့ရှိ ပြဿနာ၏အဓိကအချက်ဖြစ်ပြီး၊ ခရစ်တော်၏အသင်းတော်ကို ယနေ့တိုင်အောင်ထိခိုက်စေသည်။

# ကောရိန္သုသြဝါဒစာဒုတိယစောင်

　　ကောရိန္သုသြဝါဒစာပဌမစောင်၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ကောရိန္သုသြဝါဒစာဒုတိယစောင်ကိုအာရုံစိုက်သင့်သည်။ ပေါလု၏ဒုတိယကျမ်းစောင်သည် ကောရိန္သုသြဝါဒစာပဌမစောင်ကဲ့သို့ တင်းကြပ်စွာဖွဲ့စည်းထားခြင်းမဟုတ်သောကြောင့် နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ၎င်း၏အကြောင်းအရာကို အဓိကခေါင်းစဉ်လေးခုအောက်တွင် တင်ပြပါမည်။

- နှုတ်ဆက်ခြင်း ၁:၁၊ ၂။
- နိဒါန်း ၁:၃-၁၁၊
- ကျမ်း၏အဓိကကိုယ်ထည် ၁:၁၂–၁၃:၁၀ နှင့်
- နိဂုံး ၁၃:၁၁-၁၄။

ယခင်အတိုင်း၊ ကျွန်ုပ်တို့သည် ကောရိန္သုဩဝါဒစာဒုတိယစောင်၏အစောပိုင်းနှင့် နောက်ပိုင်းအပိုင်းများကို အကျဉ်းချုပ်ပြောပြမည်ဖြစ်ပြီး၊ ထို့နောက် ကျမ်း၏အဓိကကိုယ်ထည်ကို ပိုမိုအသေးစိတ်သုံးသပ်ပါမည်။ ပေါလု၏နှုတ်ဆက်ခြင်းကို ဦးစွာကြည့်ကြပါစို့။

## နှုတ်ဆက်ခြင်း (၁:၁၊ ၂)

နှုတ်ဆက်ခြင်း ၁:၁၊ ၂ တွင်ကျမ်းသည် ပေါလုနှင့်တိမောသေထံမှဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ကောရိန္သုအသင်းတော်နှင့် အခါယဝန်းကျင်ဒေသရှိ သန့်ရှင်းသူများကို ပရိသတ်အဖြစ် ရည်ရွယ်သတ်မှတ်သည်။ အတိုချုပ်ကောင်းချီးမင်္ဂလာတစ်ခုကိုလည်း နှုတ်ခွန်းဆက်စကားအဖြစ် ထည့်သွင်းထားသည်။

## နိဒါန်း (၁:၃-၁၁)

၁:၃-၁၁ ပါ နိဒါန်းသည် ပေါလု၏စာများအတွက် အနည်းငယ်ထူးခြားသည်။ ၎င်းသည် ကိုယ်တော်၏အမှုတော်အတွက် ပေါလုလုပ်ဆောင်ခဲ့သော ပြင်းထန်သောဆင်းရဲဒုက္ခနှင့် ဘုရားသခင်ထံမှရရှိသော နှစ်သိမ့်မှုတို့ကို ဖော်ပြသည်။ ၎င်း၏အဓိကရည်ရွယ်ချက်မှာ ပေါလု၏တင်ပြမှုများကို ကောရိန္သုမြို့သားများ စာနာနားလည်စေရန်ဖြစ်ပြီး၊ ၎င်းသည် သခင်ဘုရားအား "သက်သာခြင်း အမျိုးမျိုးတို့၏အရှင်"ဟုရည်ညွှန်းကာ၊ ဧဝံဂေလိတရားကြောင့် ဆင်းရဲဒုက္ခခံနေရသော ယုံကြည်သူအားလုံးကို ကြီးစွာသောနှစ်သိမ့်မှုကိုလည်း ပေးခဲ့သည်။

> ပေါလု၏စာများတွင် ကောရိန္သုဩဝါဒစာဒုတိယစောင်သည် ပုဂ္ဂိုလ်ရေးအလွန်ဆန်ပြီး၊ ကောရိန္သုမြို့ရှိမိစ္ဆာဆရာများ၊ မိစ္ဆာတမန်တော်များထံမှ သူ၏တမန်တော်ဖြစ်ခြင်းကို ခုခံကာကွယ်ခြင်းအားဖြင့်၊ သူကိုယ်တိုင်၏အကြောင်းကို သူ၏အခြားကျမ်းများထက် ပို၍ပြောသောကြောင့် ဤစာစောင်ကိုလေ့လာဖို့ရာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ သူပြောသည့်အရာများထဲမှတစ်ခုမှာ သူ၏ဆင်းရဲဒုက္ခအကြောင်းဖြစ်ပြီး၊ ဘုရားသခင်သည်ဆင်းရဲဒုက္ခများ၌ ကျွန်ုပ်တို့ကိုနှစ်သိမ့်ပေးကြောင်း၊ ထိုနှစ်သိမ့်မှုဖြင့် အခြားသူများကို ကျွန်ုပ်တို့နှစ်သိမ့်ပေးနိုင်ကြောင်းနှင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခအတိမ်အနက်အရ နှစ်သိမ့်ပေးသည်ဟူသောအချက်ကိုပြောဆိုခြင်းဖြင့် ကောရိန္သုဩဝါဒစာဒုတိယစောင်ကို စတင်ခဲ့သည်။ ထို့ကြောင့်၊ ဘုရားသခင်သည်

သူတို့၏ဘဝတွင် နက်ရှိုင်းစွာလုပ်ဆောင်ပေးခဲ့သောကြောင့်၊ များစွာသောဆင်းရဲဒုက္ခများကို ယုံကြည်သူများအနေဖြင့် အဘယ်ကြောင့်ခံစားနေရကာ၊ များစွာကြီးထွားလာရခြင်းအကြောင်းကို ရှင်းပြထားသည်။

**Dr Jeff Lowman**

## နိဂုံး (၁၃း၁၁-၁၄)

ဤစာ၏အဆုံးတွင်၊ နိဂုံး ၁၃:၁၁-၁၄ သည်အတိုချုပ်ဖြစ်သည်။ ၎င်းတွင် ယေဘူယျတိုက်တွန်းချက်အနည်းငယ်နှင့် နောက်ဆုံးနှုတ်ခွန်းဆက်စကားများ ပါဝင်သည်။

## အဓိကကိုယ်ထည် (၁:၁၂–၁၃:၁၀)

ကောရိန္သုဩဝါဒစာဒုတိယစောင်၏ ပထမအပိုင်းနှင့် နောက်ဆုံးအပိုင်းများကို စိတ်ထဲမှတ်ထားခြင်းဖြင့်၊ ၁:၁၂–၁၃:၁၀ ရှိ ကျမ်း၏အဓိကကိုယ်ထည်ကို ကြည့်ကြပါစို့။ ဤအခန်းငယ်များတွင် ကျမ်း၏အစိတ်အပိုင်းအမြောက်အများပါဝင်ပြီး အဓိကအပိုင်းငါးပိုင်းခွဲနိုင်သည်။ အဓိကကိုယ်ထည်သည် ၁:၁၂–၂:၁၁ တွင် ပေါလု၏အပြုအမူအား ခုခံကာကွယ်ခြင်းဖြင့် စတင်သည်။ ၂:၁၂–၇:၁ တွင် ၎င်းကို ပေါလု၏ဓမ္မအမှုတော်အား ခုခံကာကွယ်မှုအားဖြင့် ဖော်ပြထားသည်။ ထို့နောက် ၇:၂–၉:၁၅ တွင် ပေါလုသည် ယေရုရှလင်မြို့အတွက် ရန်ပုံငွေစုဆောင်းခြင်းနှင့်ပတ်သက်၍ ညွှန်ကြားချက်ပေးခဲ့သည်။ ထို့နောက် ၁၀:၁–၁၂:၁၃ တွင် ပေါလု၏ဓမ္မအမှုတော်ကို ခုခံကာကွယ်ခြင်းအကြောင်း ပြန်လည်ဖော်ပြသည်။ ၁၂:၁၄–၁၃:၁၀ တွင် ပေါလုလာရောက်လည်ပတ်မည့်အကြောင်း ဆွေးနွေးချက်နှင့် နိဂုံးချုပ်ထားသည်။ ၁:၁၂–၂:၁၁ တွင်ပေါလုသည် သူ၏အပြုအမူအား ခုခံကာကွယ်ပုံကို ဦးစွာကြည့်ကြပါစို့။

**ပေါလု၏အပြုအမူ (၁:၁၂–၂:၁၁)**။ ဤအခန်းငယ်များအရ၊ ပေါလုသည် မှားယွင်းသောစွပ်စွဲချက်များနှင့် နားလည်မှုလွဲမှားခြင်းများကို ခုခံကာကွယ်ရန်လိုအပ်ကြောင်း ခံစားခဲ့သည်မှာ ထင်ရှားသည်။ ဦးစွာ၊ မူလစီစဉ်ထားသည့်အတိုင်း ကောရိန္သုမြို့သို့ အဘယ်ကြောင့် မသွားရခြင်းအကြောင်းကို သူရှင်းပြသည်။ ဒုတိယ၊ ကောရိန္သုမြို့သားတစ်ဦး၏ သူ့အပေါ်ကျူးလွန်ခဲ့သော အမှားတစ်ခုနှင့်ပတ်သက်၍ ဖော်ပြသည်။ ပေါလုသည် ကောရိန္သုမြို့သို့သွားရောက်ရန် စီစဉ်ပြီးနောက်တွင်၊ သူနှင့်ကောရိန္သုအသင်းတော်ကြား ပဋိပက္ခအချို့ဖြစ်ပွားခဲ့သည်မှာ ထင်ရှားသည်။ ရလဒ်အနေဖြင့်၊ သူစီစဉ်ထားသည့်အတိုင်း ကောရိန္သုအသင်းတော်သို့ သွားရောက်လည်ပတ်မည်ဆိုလျှင် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ပေါလုသိခဲ့သည်။ ထို့ကြောင့် ပေါလုသည် မိမိဘက်မှသည်းခံသည့်အနေဖြင့်၊ သူ၏ခရီးစဉ်ကို အဆုံးသတ်ခဲ့သည်။ ကောရိန္သုမြို့ရှိခရစ်ယာန်များက ဤအရာသည် ကရုဏာလုပ်ရပ်ဖြစ်ကြောင်း

သဘောမပေါက်သောကြောင့် အလွန်စိတ်ပျက်ခဲ့ကြသည်။ အချို့က သူ့အပေါ်ယုံကြည်ကိုးစားမှုကိုပင် မေးခွန်းထုတ်ကြသည်။

ဆက်နွှယ်သည့်ကိစ္စရပ်အနေဖြင့်၊ ပေါလုသည် သူ့ကိုပြစ်မှားခဲ့သော ယုံကြည်သူနှင့် နောက်ပိုင်းတွင် အသင်းတော်၏ဆုံးမခြင်းခံခဲ့ရသူ၏အခြေအနေကိုလည်း ဟောပြောခဲ့သည်။ ပေါလုသည် ထိုလူကိုခွင့်လွှတ်ပြီး၊ ဆုံးမခြင်းသည် လုံလောက်ကြောင်း အသင်းတော်အား အာမခံခဲ့သည်။ ထိုသူကို ချစ်ကြောင်းထပ်မံအတည်ပြုရန်နှင့် ပြန်လည်မိတ်သဟာယဖွဲ့ရန် အသင်းတော်အား သူညွှန်ကြားခဲ့သည်။

**ပေါလု၏ဓမ္မအမှုတော် (၂:၁၂–၇:၁)။** ၂:၁၂–၇:၁ တွင်၊ ပေါလုသည် သူ၏တမန်တော်ဆိုင်ရာဓမ္မအမှုတော်၏တရားဝင်မှုဟူသည့် ပို၍လေးနက်သောပြဿနာကို ဟောပြောခဲ့သည်။ ကောရိန္သုအသင်းတော်ရှိ အချို့သောလူများသည် ပေါလု၏တမန်တော်ဖြစ်ခြင်းကို သံသယဝင်ကြသည်မှာ ထင်ရှားသည်။ ကျွန်ုပ်တို့မြင်ခဲ့ပြီးသည့်အတိုင်း၊ ပေါလုသည် ဤပြဿနာကို ကောရိန္သုသြဝါဒစာပဌမစောင်တွင် ဟောပြောခဲ့သည်။ သို့သော် ကောရိန္သုသြဝါစာဒုတိယစောင်တွင်တွေ့ရသော သူ၏စကားများအရ၊ သူ့အပေါ် ကောရိန္သုမြို့ရှိခရစ်ယာန်များ၏အမြင်သည် ပြောင်းလဲခြင်းမရှိကြောင်း ထင်ရှားသည်။ ထို့ကြောင့်၊ ပေါလုသည် သူ၏ဓမ္မအမှုတော်၏သဘောသဘာဝကို ကျယ်ပြန့်စွာခုခံကာကွယ်ခဲ့ပြီး၊ သူ၏ခေါ် ခြင်းနှင့် ဓမ္မအမှုတော်၏တန်ခိုးတို့သည် ဘုရားသခင်ထံမှဖြစ်ကြောင်း ကြေငြာခဲ့သည်။ အမှန်တကယ်တွင်၊ ပေါလုသည် သူ၏ဓမ္မအမှုတော်အား ခုခံကာကွယ်ရာတွင် အလွန်ပြင်းထန်သောကြောင့်၊ သူ၏တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည် ကြီးမားသောအကျိုးဆက်များရှိကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ ၂ ကောရိန္သု ၅:၁၈-၂၀ တွင်၊ သူသည် မိမိ၏တမန်တော်ဖြစ်ခြင်းကို သံသယဝင်သူများသည် ဘုရားသခင်နှင့် မိဿဟာယမရှိဟုပင် ပြောခဲ့သည်။

> ဘုရားသခင်သည်... ငါတို့၏ရန်ကိုငြိမ်းစေ၍... လောကီသားတို့၏အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။...ငါတို့သည်ခရစ်တော်၏သံတမန်ဖြစ်ကြ၏။...ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့ (၂ ကောရိန္သု ၅:၁၈-၂၀)။

ဘုရားသခင်နှင့် မိဿဟာယမပြုသူများသည် မိမိတို့၏အပြစ်ကို ခံနေကြဆဲဖြစ်သည်။ သူတို့သည် ခွင့်လွှတ်ခြင်း မခံရကြပါ။ ဧကန်စင်စစ်၊ သခင်ယေရှုကိုယ်တိုင် သူ၏သံတမန်ကိုငြင်းပယ်ခြင်းသည် သူ့အားငြင်းပယ်ခြင်းဖြစ်သည်ဟုလည်း သွန်သင်ခဲ့သည်။ လုကာ ၁၀:၁၆ တွင် သခင်ဘုရား မိန့်တော်မူသည်အတိုင်း–

> သင်တို့၏စကားကို နားထောင်သောသူသည် ငါ့စကားကိုနားထောင်၏။ သင်တို့ကို ပယ်သောသူသည် ငါ့ကိုပယ်၏ (လု ၁၀:၁၆)။

ဤအကြောင်းအရာသည် အလွန်အရေးကြီးသောကြောင့် ပေါလုသည် ယင်းကိုဖြေရှင်းရန် အချိန်များစွာယူခဲ့သည်။ သူအလိုရှိသော နောက်ဆုံးအရာမှာ ကောရိန္သုမြို့သားများသည် သူ၏ဧဝံဂေလိတရားကို ငြင်းပယ်သောကြောင့်၊ သူအလွန်ချစ်မြတ်နိုးသောသူတို့အတွက် အသေခံရန်ဖြစ်သည်။ ဤသည်မှာ ခရစ်ယာန်များဟု ခံယူထားသူများစွာအတွက် ယနေ့ပင်ပြင်းထန်သောသတိပေးချက်ဖြစ်သည်။

**စုဆောင်းခြင်း (၇:၂–၉:၁၅)**။
ကောရိန္သုသြဝါဒစာဒုတိယစောင်၏အဓိကကိုယ်ထည်၏တတိယအပိုင်း ၇:၂–၉:၁၅ တွင်၊ ယေရုရှလင်မြို့ရှိဆင်းရဲသားများအတွက်ရန်ပုံငွေစုဆောင်းခြင်းနှင့်ပတ်သက်သောညွှန်ကြားချက်များပါရှိသည်။ ယုဒပြည်တွင် အစာခေါင်းပါးမှုကြောင့် ယေရုရှလင်မြို့ရှိ ခရစ်ယာန်များသည် ယခုအချိန်တွင် အလွန်လိုအပ်နေပါသည်။ ဤအကျပ်အတည်းကို တုံ့ပြန်ရန်အတွက်၊ ကောရိန္သုအသင်းတော်သည် အခြားအသင်းတော်များစွာနှင့်အတူ ၎င်းတို့ထံ အကူအညီများပေးပို့ရန် ကတိကဝတ်ပြုခဲ့သည်။ သို့သော် ကောရိန္သုမြို့သားများသည် ၎င်းတို့၏အလှူငွေများကိုစုဆောင်းရန် ပျက်ကွက်ခဲ့ကြသည်။ ထို့ကြောင့်၊ ပေါလုသည် အခြားသူများအတွက် ဆက်ကပ်ခြင်း၏တန်ဖိုးကို ရှည်လျားစွာဆွေးနွေးခဲ့သည်။ တတ်နိုင်သည်ထက်ပို၍ ပေးကမ်းကြသော မာကေဒေါနိအသင်းတော်များ၏ စံနမူနာပြပေးကမ်းခြင်းနှင့် ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်ရခြင်းကြောင့် သူတို့၏ဝမ်းမြောက်ခြင်းကို ဦးစွာဖော်ပြခဲ့သည်။ ကောရိန္သုမြို့သားတို့ ကြွယ်ဝစွာခံစားနိုင်စေရန် မိမိ၏အသက်ကိုစွန့်ခဲ့သော ခရစ်တော်၏စံနမူနာကိုလည်း သူဖော်ပြခဲ့သည်။ ယင်းအပြင်၊ သူတို့၏မူလရည်ရွယ်ချက်များကို လိုက်လျှောက်ပါက ဘုရားသခင်သည် သူတို့အပေါ်ကြီးမားသောကောင်းချီးမင်္ဂလာများ ပေးသနားမည်ဖြစ်ကြောင်း ကောရိန္သုမြို့သားများကို အားပေးခဲ့သည်။

**ပေါလု၏ဓမ္မအမှုတော် (၁၀:၁–၁၂:၁၃)**။ ၁၀:၁–၁၂:၁၃ တွင်၊ ပေါလုသည် ခရစ်တော်၏တမန်တော်အဖြစ် သူ၏ဓမ္မအမှုတော်ကို ပြန်၍ခုခံကာကွယ်ခဲ့သည်။ အစောပိုင်းတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ ကောရိန္သုခရစ်ယာန်များသည် လောက၏လေးစားသောစရိုက်လက္ခဏာများကို အလွန်တန်ဖိုးထားကြသည်။ သို့သော် ပေါလုသည် ဤစရိုက်လက္ခဏာများကို မပြခဲ့ပါ။ ထို့ကြောင့်၊ အသင်းတော်ရှိအချို့သည် သူ၏သွန်သင်မှုနှင့် အခွင့်အာဏာကို အလေးမထားခဲ့ကြပေ။ ဥပမာ၊ ကောရိန္သုမြို့သားများသည် လေ့ကျင့်ထားသော ဟောပြောသူများကို တန်ဖိုးထားကာ၊ သူတို့၏လုပ်ဆောင်မှုအတွက် အခငွေကိုမျှော်လင့်ခဲ့ကြပုံရသည်။ ပေါလုသည် ဟောပြောသောအခါတွင် ဆန်းပြားသောစကားလုံးများကို အသုံးမပြုခဲ့ပါ။ ကောရိန္သုမြို့၌ရှိစဉ် အသင်းတော်ကိုဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ငွေကြေးအရလည်း ကိုယ်တိုင်ထောက်ပံ့ရန် ရွေးချယ်ခဲ့သည်။ ၎င်းအချက်နှင့် အခြားအကြောင်းအရာများကြောင့် ပေါလုသည်နွမ်းပါးသည်ဟု ယူဆသည်။

ဤသဘောထားကို တုံ့ပြန်ရာတွင်၊ ပေါလုသည် သူ၏ဓမ္မအမှုတော်၏တရားဝင်မှုကို အခိုင်အမာပြောဆိုကာ မလျော်ကန်သောတန်ဖိုးများကို စွဲကိုင်ထားသည့်ကောရိန္သုမြို့သားများကို ပြစ်တင်ရှုတ်ချခြင်းဖြင့် သူ၏အရည်အချင်းများကို ဖော်ပြခဲ့သည်။ အခြားအရာများမှာ၊

ဇေဝဂေလိတရားအတွက် သူ၏ကြီးမားသောဆက်ကပ်မှုများနှင့် ကောင်းကင်ကိုကြည့်ရှုခြင်းအတွေ့အကြုံကို ဖော်ပြခဲ့သည်။ ထို့အပြင်၊ သူသည် ကောရိန္သုမြို့၌ မုသာဝါဒကိုပျံ့နှံ့စေသော မြေကြီးဆိုင်ရာအထောက်အထားများကို ကိုင်ဆောင်ထားသည့် မိစ္ဆာတမန်တော်များကို အသရေဖျက်ကာ ပုတ်ခတ်တိုက်ခိုက်ခဲ့သည်။ ဤလူများနှင့်ပတ်သက်၍ ပေါလုသည် ၂ ကောရိန္သု ၁၁:၁၃ တွင် ရေးသားခဲ့သည်_

> အကြောင်းမူကား၊ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သော အမှုစောင့်ဖြစ်ကြ၏ (၂ ကောရိန္သု ၁၁:၁၃)။

ဤမိစ္ဆာတမန်တော်များ၏စကားကို နားထောင်သူများသည် မိမိတို့အပေါ် အန္တရာယ်ကျရောက်စေကြောင်း ပေါလုရှင်းလင်းစွာဖော်ပြခဲ့သည်။

**လာရောက်လည်ပတ်ခြင်း (၁၂:၁၄–၁၃:၁၀)**။ နောက်ဆုံးတွင်၊ ကောရိန္သုဩဝါဒစာဒုတိယစောင်၏အဓိကကိုယ်ထည်သည် ၁၂:၁၄–၁၃:၁၀ တွင် ပေါလု၏လာရောက်လည်ပတ်မှုကို ဖော်ပြခြင်းဖြင့် အဆုံးသတ်ထားသည်။ ပေါလုသည် အသင်းတော်အပေါ်တရားစီရင်ရန် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကောရိန္သုသို့လာရန် စီစဉ်ထားသည်။ ဝမ်းနည်းစရာမှာ၊ သူတို့၏ကြီးလေးသောအပြစ်များနှင့်ပတ်သက်၍ သတိပေးခြင်းခံရသော်လည်းနောင်တရရန်ငြင်းဆိုသည့် ညီအစ်ကိုအတုအယောင်များနှင့်တွေ့ရမည်ကို သူစိုးရိမ်ခဲ့သည်။ ပေါလုသည် သူ၏စာဖတ်သူများအား ယုံကြည်ခြင်းရှိကြောင်းသေချာစေရန် မိမိကိုယ်ကိုဆန်းစစ်ရန် ညွှန်ကြားခဲ့သည်။ ၁၃:၅ တွင်တွေ့ရသော သူ၏စကားများကို နားထောင်ကြည့်ပါ_

> သင်တို့သည် ယုံကြည်ခြင်း၌ တည်သလော၊ မတည်သလောဟု ကိုယ့်ကိုယ်ကို စစ်ကြောကြလော့။ ကိုယ့်ကိုယ်ကို စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူ မမှန်လျှင် ယေရှုခရစ်သည် သင်တို့၌ တည်တော်မူသည်ဟု ကိုယ့်အကြောင်းကို ကိုယ်မသိသလော။ (၂ကောရိန်သု ၁၃း၅)

ယုံကြည်သည်ဟုဆိုသည့် ယုံကြည်သူအများအပြားသည် ၎င်းတို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်ကို အမှန်တကယ်ယုံကြည်ခြင်းမရှိကြောင်း ပေါလုသိသည်။ ထို့ကြောင့်၊ သူတို့အားလုံး စစ်မှန်သည့်ယေရှု၏နောက်လိုက်များဖြစ်လာရန် မျှော်လင့်ချက်ဖြင့် နောင်တရခြင်း၊ ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းဆိုင်ရာ ဧဝံဂေလိတရားကို ကောရိန္သုမြို့သားများအား စိတ်အားထက်သန်စွာ သတိပေးခဲ့သည်။

ကောရိန္သုဩဝါဒစာနှစ်စောင်စလုံးတွင် ပေါလုသည် ကောရိန္သုအသင်းတော်သို့ ရောက်ရှိလာခဲ့သော မှားယွင်းသောသွန်သင်ချက်များစွာကို ပြုပြင်ပေးခဲ့သည်။ ပေါလုသည် ကောရိန္သုယုံကြည်သူများအား နက်ရှိုင်းစွာဂရုစိုက်ကြောင်း သူ၏စာများအားဖြင့်ရှင်းလင်းစွာသိရသည်၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် ဤမှားယွင်းသောသွန်သင်ချက်များကို ငြင်းပယ်ရန်နှင့် ၎င်းတို့ပထမရရှိခဲ့သော ဧဝံဂေလိတရားကိုစွဲကိုင်ခြင်းငှာသတိပေးရန် စာရေးခဲ့သည်။

ပေါလု၏ကောရိန္သုသြဝါဒစာနှစ်စောင်လုံး၏နောက်ခံသမိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာတို့ကို အကျဉ်းချုပ်ကြည့်ရှုပြီးနောက်၊ ဤသင်ခန်းစာ၏တတိယအဓိကအကြောင်းအရာဖြစ်သည့်_ ပေါလု၏ဓမ္မပညာဆိုင်ရာအမြင်များသည် ကောရိန္သုသြဝါဒစာပဌမစောင်နှင့်ဒုတိယစောင်တွင် သူရေးခဲ့သည့်အရာအားလုံး၌ မည်သို့လွှမ်းခြုံထားသည်ကို အာရုံစိုက်ပါမည်။

# ဓမ္မပညာဆိုင်ရာ အမြင်များ

ဤသင်ခန်းစာတွင်၊ ကောရိန္သုသြဝါဒစာပဌမစောင်နှင့်ဒုတိယစောင်တွင် ပေါလုရင်ဆိုင်ခဲ့သည့် ပြဿနာများစွာကို ပြန်လည်သုံးသပ်ထားပါသည်။ ထို့အပြင် ဤပြဿနာအများစုသည် နောက်ဆုံးသောကာလဆိုင်ရာ ခရစ်ယာန်တို့၏ခံယူချက်ကို ကောရိန္သုမြို့သားများ၏အစွန်းရောက်နားလည်မှုတွင် အမြစ်တွယ်နေကြောင်းကိုလည်း အရိပ်အမြွက်ဖော်ပြသည်။ ယခု ပေါလု၏သီးခြားသွန်သင်ချက်များသည် သူ၏ဓမ္မပညာဆိုင်ရာအဓိကအချက်မှ မည်သို့ထွက်ပေါ်လာသည်ကို ပိုမိုဂရုတစိုက်ကြည့်ရှုရန်အနေအထားတွင် ကျွန်ုပ်တို့ရှိနေပြီဖြစ်သည်။ ပေါလုသည် ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော်၏ နောက်ဆုံးသောနေ့ရက်များ အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ သူသိထားသောအမှန်တရားများမှကောက်နုတ်ခြင်းဖြင့် ကောရိန္သုမြို့ရှိပြဿနာများကို အကြိမ်ကြိမ်ဖော်ပြခဲ့သည်။

ဤသင်ခန်းစာများတစ်လျှောက် ကျွန်ုပ်တို့အကြိမ်ကြိမ်ပြောခဲ့သည့်အတိုင်း၊ ပေါလု၏နောက်ဆုံးသောကာလသည် သမိုင်းပန်းတိုင်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် ယုဒလူမျိုးတို့၏ယေဘူယျရှုမြင်ပုံများတွင် အခြေခံသည်။ ပထမရာစုအတွင်း၊ အုပ်ချုပ်သူယုဒလူမျိုးများက ဓမ္မဟောင်းကျမ်းသည် သမိုင်းကို “ဤကာလ” နှင့် “နောင်ကာလ” ဟူ၍ နှစ်ပိုင်းခွဲထားကြောင်း၊ “ဤကာလ” သည် အပြစ်တရား၊ တရားစီရင်ခြင်းနှင့် သေခြင်း၏မျက်မှောက်ကာလဖြစ်ပြီး၊ “နောင်ကာလ” သည် ဘုရားသခင်၏လူများအတွက် ဖြောင့်မတ်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်၏အနာဂတ်ကာလဖြစ်ကြောင်း နားလည်သဘောပေါက်ထားကြသည်။ ခေတ်ကာလအကူးအပြောင်းကို အမှတ်အသားပြုသည့်အဖြစ်အပျက်မှာ မေရှိယ သို့မဟုတ် ခရစ်တော် ကြွလာခြင်းဖြစ်သည်။ မေရှိယကြွလာသောအခါ ကိုယ်တော်သည်ဤကာလကို အဆုံးသတ်ပြီး၊ နောင်ကာလကို စတင်မည်ဟု ကျယ်ပြန့်စွာယုံကြည်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုဒလူမျိုးဓမ္မပညာရှင်များမျှော်လင့်ထားသည့်အတိုင်း သမိုင်းသည် အတိအကျမဖြစ်ခဲ့ကြောင်းကို ပေါလုနှင့် အခြားသောတမန်တော်များကဲ့သို့သော ခရစ်တော်၏နောက်လိုက်များသည် အသိအမှတ်ပြုခဲ့ကြသည်။ ယေရှုသည်မေရှိယဖြစ်ပြီး၊ နောင်ကာလကို အစပြုခဲ့သည်မှာ သံသယမရှိပါ။ သို့သော် ပေါလုနှင့် အခြားသောတမန်တော်များက နောင်ကာလသည် အသင်းတော်၏သမိုင်းတစ်လျှောက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ခရစ်တော်ပြန်ကြွလာသောအခါ၊ ၎င်းသည် ပြည့်စုံခြင်းသို့ရောက်ရှိမည်ဖြစ်ကြောင်းကိုလည်း နားလည်ခဲ့ကြသည်။ အတိုချုပ်အားဖြင့်၊ ထာဝရကယ်တင်ခြင်း၏နောင်ကာလသည် အချို့သောနည်းလမ်းများဖြင့် ဤလောကတွင် "အမှုပြီးပြီ" ဖြစ်သော်လည်း၊ အချို့သောကဏ္ဍများတွင် "မပြည့်စုံသေး"၌ကျွန်ုပ်တို့အသက်ရှင်နေပါသည်။ ကျွန်ုပ်တို့၏ခေတ်ကာလသည် မျက်မှောက်ကာလနှင့် နောင်ကာလ တစ်ပြိုင်နက်တည်း တည်ရှိနေချိန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ထပ်တူကျနေချိန်တွင် နောင်ကာလ၏ကောင်းချီးမင်္ဂလာများစွာကို ခံစားကြရသော်လည်း၊ အပြစ်နှင့် သေခြင်းတရား၏ခေတ်တွင် ဆက်လက်တည်ရှိနေသည့် ရန်တွေ့မှုနှင့် ခက်ခဲမှုများကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

> ကျွန်ုပ်သည် "နောက်ဆုံးသောကာလအစပြုခြင်း" ကိုထောက်ခံသူတစ်ဦးဖြစ်သည်။ ၎င်းသည် နောက်ဆုံးသောကာလအား နားလည်ခြင်း— နိုင်ငံတော်သည် ဤအရပ်၌ပြီးပြည့်စုံပြီ — နှင့် မည်သည့်နိုင်ငံတော်မှ ဤအရပ်၌မရှိဟုဆိုသည့် အနာဂတ်ဆိုင်ရာနောက်ဆုံးသောကာလအကြား မီဒီယာတစ်မျိုး သို့မဟုတ်"အလယ်အလတ်လမ်းစဥ်တစ်ခု" ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အနာဂတ်တွင် ထိုအရာအားလုံးပြည့်စုံလာရန် မျှော်လင့်နေဆဲဖြစ်သည်။ နောက်ဆုံးသောကာလအစပြုခြင်းသည် ဓမ္မသစ်ကျမ်းအရမှန်ကန်သည်ဟု ကျွန်ုပ်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ရှင်ဘုရင်ကြွလာခြင်းနှင့်အတူ နိုင်ငံတော်သည်စတင်ခဲ့သည်ဟု သွန်သင်သောကြောင့် ဖြစ်သည်။ ထိုမုန်ညင်းစေ့ငယ်လေးကို စိုက်ပျိုးခဲ့ပြီဖြစ်သည်။ သို့သော်၊ ဘုရင်ယေရှု၏ဘုန်းအသရေကို စကြာဝဠာနှင့် ကမ္ဘာအနှံ့မြင်တွေ့ရမည့် နိုင်ငံတော်၏ပြည့်စုံခြင်းကို ကျွန်ုပ်တို့ စောင့်မျှော်နေဆဲဖြစ်သည်။ ထိုသို့ဆိုလျှင်၊ နိုင်ငံတော်သည် ဤအရပ်၌ရှိသလော။ ဟုတ်ပါတယ်။ ဤအရပ်၌ ၎င်း၏ပြည့်စုံမှုရှိသလော။ မရှိပါ၊ အစပြုခဲ့ပါသည်။ ၎င်းသည် စတင်နေပြီဖြစ်သော်လည်း သခင်ယေရှုတစ်ဖန်ကြွလာသောအခါ၊ ၎င်း၏ပန်းပွင့်များသည် အပြည့်အဝထွက်ပေါ်လာမည်ဖြစ်သည်။
>
> **Dr Danny Akin**

ပေါလုသည် သူ၏သာသနာပြုခရီးစဉ်တွင်၊ ဤနောက်ဆုံးသောကာလအပေါ် ခရစ်ယာန်တို့၏နားလည်သဘောပေါက်မှုသည် ကနဦးအသင်းတော်အတွက် အခက်အခဲများဖြစ်စေကြောင်း သူသိရှိခဲ့သည်။ ယခင်သင်ခန်းစာများတွင်၊ အချို့သောယုံကြည်သူများသည် ဤကိစ္စနှင့်ပတ်သက်၍ အလွန်ပြင်းထန်သော သဘောထားရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဂလာတိလူများသည် ခရစ်တော်၌နောင်ကာလသည် ကမ္ဘာကြီးကို မည်မျှပြောင်းလဲစေခဲ့သည်ကို သဘောမပေါက်ကြပေ။ ကျွန်ုပ်တို့သည် ၎င်းတို့၏အမှားကို "နောက်ဆုံးသောကာလအား နားလည်မှုမရှိခြင်း" ဟုတံဆိပ်ကပ်ထားသည်။ တစ်ပါးအမျိုးသားခရစ်ယာန်များသည် ပညတ်တရားပြည့်စုံရန် အရေဖျားလှီးခြင်းခံရမည်ဟူသော ယုံကြည်ချက်မှ သူတို့ကောက်ချက်ချခဲ့ကြသည်။ သက်သာလောနိတ်လူတို့သည် "နောက်ဆုံးသောကာလအပေါ် အလွန်ပြင်းထန်ခြင်း" ဟုခေါ်သည့်အရာကို ဖန်တီးခဲ့ကြသည်။ မကြာမီ အနာဂတ်တွင်၊ ယေရှုသည် မျက်မှောက်ကာလကိုဖယ်ရှားပြီး၊ နောင်ကာလအား ပြီးပြည့်စုံစေမည်ဟု သူတို့ယုံကြည်ကြသည်။ ရလဒ်အနေဖြင့်၊ ဤကာလတွင် ဘဝသည် အလွန်အရေးမကြီးဟု သူတို့ယူဆကြသည်။

ကျွန်ုပ်တို့သည် ကောရိန္သုမြို့ရှိ ပြဿနာများနှင့် ဤပြဿနာများအား ပေါလု၏တုံ့ပြန်မှုများကို အနီးကပ်ကြည့်ရှုခြင်းအားဖြင့်၊ ကောရိန္သုမြို့သားများတွင်လည်း အလားတူပြဿနာများရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ သူတို့သည် ဤဘဝတွင် နောင်ကာလမည်မျှရှိနေပြီနှင့်ပတ်သက်၍ မတန်တဆတွက်ဆခဲ့ကြသည်။ ၎င်းတို့၏အမှားသည် "နောက်ဆုံးသောကာလအား နားလည်မှုလွန်ကဲခြင်း"ဖြစ်သည်။ ဤမတန်တဆတွက်ဆမှုကြောင့်၊ အချို့တို့သည် ၎င်းတို့အမှန်တကယ်ရရှိမည်ထက် ကောင်းချီးမင်္ဂလာများစွာကို ပိုမိုပိုင်ဆိုင်သည်ဟုယူဆကာ၊ မာနထောင်လွှားကြသည်။ ထို့ကြောင့်၊ ပေါလုသည် ကောရိန္သုအသင်းတော်ရှိ သီးခြားပြဿနာများကို ဖော်ပြစဉ်တွင်၊ သူတို့၏ဝိညာဉ်ရေးအခြေအနေအပေါ် ပိုမိုမျှတစွာအကဲဖြတ်ရန် မည်သို့လုပ်ဆောင်ရမည်ကို ထပ်ခါထပ်ခါ သတိပေးခဲ့သည်။

ပေါလုသည် ကောရိန္သုအသင်းတော်အား ၎င်း၏ဓမ္မပညာဆိုင်ရာအမြင်များကို ပုံစံအမျိုးမျိုးဖြင့် ထပ်လောင်းပြောဆိုသော်လည်း၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ကောရိန္သုမြို့သားများကို သူအကြိမ်ကြိမ်ညွှန်ပြခဲ့သော သူ၏နောက်ဆုံးသောကာလဆိုင်ရာ အချက်သုံးချက်ကို အာရုံစိုက်ပါမည်_ ယုံကြည်ခြင်း၊ အထူးသဖြင့် ခရစ်တော်၏ထူးမြတ်မှုနှင့်ပတ်သက်သည်၊ ပစ္စုပ္ပန်လောကထက် အနာဂတ်ကိုမျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ ခရစ်ယာန်အသက်တာ၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ခြင်း စသည်တို့ဖြစ်သည်။ ကောရိန္သုလူတို့၏ယုံကြည်ခြင်း၌ မညီမျှမှုများကို ကုစားရန် ခရစ်တော်၏ထူးမြတ်မှုကို ပေါလုအလေးပေးဖော်ပြသည့်နည်းလမ်းများကို ဦးစွာကြည့်ရှုကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ယုံကြည်ခြင်း

ပေါလုသည် ကောရိန္သုအသင်းတော်တွင် ပြဿနာများစွာဖြစ်စေသော ဝါကြွားခြင်းနှင့် မာနထောင်လွှားမှုကို ကိုင်တွယ်ဖြေရှင်းရန် ယုံကြည်ခြင်းအပေါ် ထပ်ခါတလဲလဲ အာရုံစိုက်ခဲ့သည်။ အစိတ်အပိုင်းအများစုတွင်၊ ကောရိန္သုမြို့သားအချို့သည် အရာအားလုံးထက်မြင့်မြတ်သောသခင်အဖြစ် ခရစ်တော်အားချီးမြှောက်ရန် မေ့လျော့သောကြောင့် ဤမာနထောင်လွှားမှုကြီးထွားလာခြင်းဖြစ်သည်။ ထို့အပြင် လူများစွာသည် အားလုံး၏ကယ်တင်ရှင်အဖြစ် ခရစ်တော်ကိုမမြင်ကြပါ။

## ခရစ်တော်သည် အရှင်သခင်ဖြစ်သည်

ခရစ်တော်၏ အရှင်သခင်ဖြစ်ခြင်းနှင့်ပတ်သက်၍ ကောရိန္သုလူများသည် နိုင်ငံတော်ပြည့်စုံချိန်တွင် ကိုယ်တော်၏အုပ်စိုးရှင်အဖြစ် ပေါ်ထွန်းခြင်းကို အလေးပေးဖော်ပြခဲ့ကြသည်။ ထူးဆန်းသည်မှာ၊ ကောရိန္သုခရစ်ယာန်အချို့သည် ဘုရားသခင်၏နိုင်ငံတော်အလုံးစုံနီးပါးကို ၎င်းတို့၏အသက်တာထဲသို့ ခရစ်တော်ယူဆောင်လာသကဲ့သို့ ပြုမူကြသည်။ ယုံကြည်သူများအတွက် ဘုရားသခင်ပေးမည့် ထာဝရကောင်းချီးမင်္ဂလာအများစုကို သူတို့သည်ရရှိခံစားနေပြီဟု ယူဆကြသည်။ ကိုယ်တော်အသစ်တည်ထောင်သည့် မြေကြီးပေါ် ရှိနိုင်ငံတော်၏ အုပ်စိုးရှင်များအဖြစ် သူတို့အားခန့်အပ်ထားသကဲ့သို့လည်း ပြုမူကြသည်။ ဤသည်မှာ အသင်းတော်တွင် အခွင့်အာဏာကို အထူးသဖြင့်ကိုင်စွဲထားသော ကောရိန္သုလူများ၏ထင်မြင်ချက်ဖြစ်ပုံရသည်။ သူတို့သည် အခြားသူများထက် "ဝိညာဉ်ရေးရာ"သာ၍ကြီးမြတ်သည်ဖြစ်၍၊ ဤအစွမ်းတန်ခိုးကို ခရစ်တော်ပေးတော်မူသည်ဟု ယူဆကြသည်။ ထိုမျှမက၊ သူတို့၏အမြင်၌ ထိုသို့သောကြီးစွာသောဆုကျေးဇူးကို မထိုက်တန်သောသူများအဖြစ် ကဲ့ရဲ့ရှုတ်ချကြသည်။

၁ ကောရိန္သု ၄:၇-၁၀ တွင် ဤကဲ့သို့သော တွေးခေါ်မှုအတွက် ပေါလုပြစ်တင်ဆုံးမပုံကို နားထောင်ပါ_

> ထိုမှတပါး၊ အဘယ်သူသည် သင့်ကိုထူးခြားစေသနည်း။ သူတပါးလက်မှမခံမယူဘဲ အလိုအလျောက်ရသောအရာတစုံတခုမျှ သင်၌ရှိသလော။ သူတပါးလက်မှ ခံယူသည်မှန်လျှင်၊ မခံမယူသကဲ့သို့ အဘယ်ကြောင့်ဝါကြွားသနည်း။ ယခုတွင် သင်တို့သည်ကြွယ်ဝကြ၏။ ငွေရတတ်ကြ၏။ ငါတို့မရှိစဉ်တွင်စိုးစံကြ၏။ ငါတို့သည် သင်တို့နှင့်အတူ စိုးစံရသောအခွင့်ရှိမည်အကြောင်း၊ သင်တို့ကို အမှန်စိုးစံစေခြင်းငှါအလိုရှိ၏။...ငါတို့သည် ခရစ်တော်၏အကြောင်းကြောင့် လူမိုက်ဖြစ်ကြ၏။ သင်တို့မူကား၊ ခရစ်တော်၌ပညာရှိ ဖြစ်ကြ၏။ ငါတို့သည်အားနည်းသောသူဖြစ်ကြ၏။ သင်တို့မူကား၊ အစွမ်းသတ္တိနှင့် ပြည့်စုံသောသူ၊ အသရေရှိသောသူဖြစ်ကြ၏။ ငါတို့သည် အရှက်အကြောက်ခံရသောသူဖြစ်၍ (၁ ကောရိန္သု ၄:၇-၁၀)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကျမ်းပိုဒ်တွင် ပေါလုသည် ကောရိန္သုမြို့သားများ၏မာနထောင်လွှားသောသဘောထားများကို လှောင်ပြောင်ခဲ့သည်။ ပေါလုသည်ဆင်းရဲဒုက္ခခံစားရပြီး သူတို့သည်မခံစားရသောကြောင့်၊ သူတို့သည် ပေါလုထက်သာလွန်သည်ဟု ယုံကြည်ကြသည်။ သူတို့သည် အဆင့်အတန်းနှင့်ဘုန်းအသရေကို *ထိုက်တန်သည်*ဟု ထင်ခဲ့ကြသော်လည်း၊ အမှန်တကယ်တွင် ယင်းအရာများကို သူတို့အားပေးခဲ့သူမှာ ခရစ်တော်ပင် ဖြစ်သည်။ ခရစ်တော်သည် ရှင်ဘုရင်အဖြစ် ပြန်မလာသေးသော်လည်း၊ သူတို့သည်မြေကြီးပေါ်တွင် ခရစ်တော်နှင့်အတူ စိုးစံနေပြီဖြစ်ကြောင်း မိုက်မဲစွာ ယုံကြည်ခဲ့ကြသည်။ ခရစ်တော်နှင့်သာသက်ဆိုင်သော ဉာဏ်ပညာ၊ တန်ခိုးနှင့် ဘုန်းအသရေကို သူတို့ပိုင်ဆိုင်သကဲ့သို့ ပြောဆိုခဲ့ကြသည်။ သူတို့၏အမြင်တွင် ထိုသို့သောကောင်းချီးမင်္ဂလာများမရရှိသည့် အခြားခရစ်ယာန်များကို အထင်အမြင်သေးကြသည်။

အချို့သောကဏ္ဍများတွင် ဤအမှားများကို နားလည်နိုင်သည်။ ဘုန်းအသရေအားဖြင့် ခရစ်တော်ကြွလာတော်မူပြီးနောက် ယုံကြည်သူများသည်မြေကြီးသစ်တွင် ကြီးမားစွာချီးမြှောက်ခံရခြင်းနှင့် စိုးစံလိမ့်မည်ဟု ကောရိန္သုမြို့သားများသည်မှန်ကန်စွာနားလည်ခဲ့ကြသည်။ သို့သော် သူတို့သည် ဤဘဝတွင်ရရှိခဲ့သော အကျိုးကျေးဇူးများကို မိုက်မဲစွာကြည့်ကာ ဘုရားသခင်ထံမှချီးမြှောက်ခြင်းကို တွေ့ကြုံနေပြီဟု ကောက်ချက်ချကြသည်။ သူတို့သည် အခြားသူများထက် သာလွန်သည်၊ ချီးမြှောက်ခံရသည်၊ ဘုန်းအသရေရှိသည်ဟု ခံစားကြသည်။

သို့သော် သူတို့၏အမှားများကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ၎င်းသည်လက်ခံနိုင်စရာမရှိပါ။ အမှန်တကယ်တွင်၊ သူတို့သည် အားနည်းသောအခြားယုံကြည်သူများကို အသရေရှုတ်ချခြင်းဖြင့် အသင်းတော်တွင် အပျက်အစီးများ ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ဤပြဿနာကိုပြုပြင်ရန် ပေါလုသည် နောင်ကာလသည် ၎င်း၏အလုံးစုံပြည့်စုံမှုသို့မရောက်သေးကြောင်း အလေးပေးဖော်ပြခဲ့သည်။ ခရစ်တော်ကိုယ်တိုင်ကလွဲ၍ မည်သူမှစိုးစံခြင်းမပြုခဲ့ပါ။ လူတိုင်းသည် ထိုဘုန်းအသရေကိုခံယူရန် ခရစ်တော်ပြန်ကြွလာခြင်းကို စောင့်မျှော်နေကြဆဲဖြစ်သည်။

> ခရစ်ယာန်ဓမ္မအမှုတော်၏အဓိကအချက်အကြောင်း ပေါလုပြောသောအခါ၊ အံ့သြဖွယ်အခန်းငယ် ၂ ကောရိန္သု ၄:၅ ကိုကျွန်ုပ်တို့အားပေးသည်_
>
> ငါတို့သည်ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကိုငင်း၊ ငါတို့သည်ယေရှုအတွက် သင်တို့၏ကျွန်ဖြစ်ကြောင်းကိုငင်း ဟောပြောကြ၏ (၂ ကောရိန္သု ၄:၅)။
>
> ကောရိန္သုမြို့သားများအား သူဟောပြောခဲ့သော သတင်းစကားသည် ယေရှုခရစ်၏အုပ်စိုးရှင်ဖြစ်ခြင်းအကြောင်းဖြစ်သည်ဟု သူပြောသည်။ ယေရှုသည် အရာအားလုံးဖြစ်သည်။ ကျွန်ုပ်တို့သည်

> သူ၏အုပ်စိုးရှင်ဖြစ်ခြင်းအကြောင်းကို ဟောပြောချင်ပါသည်။ သို့သော် ကျွန်ုပ်တို့တစ်ဦးစီသည် မိမိကိုယ်ကိုကမ္ဘာ့ဗဟိုချက်အဖြစ်မြင်ရန် စုံစမ်းနှောင့်ယှက်မှုကို ကြုံတွေ့နေရကြောင်း ကိုယ်တော်အသိအမှတ်ပြုသည်။ ၎င်းသည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။ အထူးသဖြင့်၊ ခရစ်ယာန်ဓမ္မအမှုတော်သည် ကောရိန္သုမြို့သားများအတွက်သာဖြစ်သွားသောပြဿနာနှင့်သက်ဆိုင်သော ကြောင့် ၎င်းသည် အမှန်တကယ်တွင် အလွန်လွယ်ကူပါသည်။ ဤအရာသည် ဘုရားသခင့်ကမ္ဘာ၏အသက်တာတွင် ယခုသူတို့ရနိုင်သည့်အရာများ၊ ယခင်ကဲ့သို့ အဓိကအချက်အချာဖြစ်သည်။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့ဟောပြောခြင်း၏အဓိကရည်ရွယ်ချက်မှာ သခင်ယေရှုခရစ်သည် အရာခပ်သိမ်း၏သခင်ဖြစ်ခြင်းကို ဟောပြောရန်နှင့် သူ၏အုပ်စိုးမှုအောက်တွင် နေထိုင်ရခြင်း၏အဓိပ္ပာယ်များကိုဖော်ထုတ်ရန်ဖြစ်သည်။
>
> **— Rev. Dr. Simon Vibert**

ကောရိန္သုမြို့သားများသည် ခရစ်တော်ကို သခင်အဖြစ်မျက်ကွယ်ပြုရုံသာမက၊ ကယ်တင်ရှင်အဖြစ်ချီးမြှောက်ရန်လည်း ပျက်ကွက်ခဲ့ကြသောကြောင့် ယုံကြည်ခြင်းကိုလည်း ပေါလုအလေးပေးဖော်ပြခဲ့သည်။ အတိအကျဆိုရသော်၊ ယုံကြည်သူများသည် ဝိညာဉ်ဆုကျေးဇူးများနှင့် ဘုန်းအသရေများအပါအဝင် နောင်ကာလ၏ကောင်းချီးမင်္ဂလာများကို ခရစ်တော်နှင့်ပေါင်းစည်းခြင်းအားဖြင့်သာရရှိသည်ဟူသောအချက်ကို သူတို့လျစ်လျူရှုခဲ့ကြသည်။

## ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်သည်

ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း၊ ခရစ်တော်၏ဝိသေသလက္ခဏာနှင့် ဘုရားသခင့်မျက်မှောက်တော်၌ထိုက်တန်မှုကို ယုံကြည်သူများဝေမျှခြင်းသည် ခရစ်တော်နှင့် ပေါင်းစည်းခြင်းအားဖြင့်သာဖြစ်သည်ဟု ပေါလုယုံကြည်သည်။ ထို့ပြင် ဤပေါင်းစည်းခြင်းအားဖြင့်၊ ဘုရားသခင်သည် ၎င်းတို့အား ခရစ်တော်ကိုယ်တိုင်ကဲ့သို့ ရှုမြင်သောကြောင့်၊ အသင်းတော်၌၎င်းတို့ခံစားရသော အဆင့်အတန်း၊ ဘုန်းအသရေနှင့် ဆုကျေးဇူးများကို ပေးသနားတော်မူခြင်းဖြစ်သည်။ သို့သော် ကောရိန္သုမြို့သားများ၏စိတ်တွင် ဆုကျေးဇူးများနှင့် ဘုန်းအသရေများကို ယုံကြည်သူတစ်ဦးစီရရှိသည်ဟု ယုံကြည်သည်။ ခရစ်ယာန်တစ်ဦးသည် ဩဇာအာဏာရှိပြီး အဆင့်အတန်းရှိလျှင် ထိုသူသည် ဤအရာများနှင့်ထိုက်တန်သောကြောင့်ဖြစ်သည်ဟု သူတို့ထင်ကြသည်။ အကယ်၍ယုံကြည်သူတစ်ဦးသည် ထိုကဲ့သို့သော မြေကြီးဆိုင်ရာထင်ပေါ်ကျော်စောခြင်းမရှိလျှင်၊ ထိုသူ သို့မဟုတ် သူမသည် ယုတ်ညံ့သောခရစ်ယာန်တစ်ဦးဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ပေါလုသည် နောက်ဆုံးသောကာလဆိုင်ရာ သူ၏အခြားရှုထောင့်ဖြစ်သော၊ ခရစ်တော်၏အရေးပါမှုကို

မီးမောင်းထိုးပြသည့် ခရစ်တော်နှင့် ယုံကြည်သူများအကြား ပေါင်းစည်းသောအယူဝါဒကိုအလေးပေးခြင်းဖြင့် သူတို့၏အမှားကိုတုံ့ပြန်ခဲ့သည်။ ၂ ကောရိန္သု ၅:၁၅-၁၇ တွင် ပေါလုတင်ပြပုံကို နားထောင်ပါ_

> လူအပေါင်းတို့သည် သေလျက်နေကြသည် ဟူ၍၎င်း၊
> အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလို သို့လိုက်၍မရှင်၊
> သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသော
> သူတို့၏အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့်
> အသေခံတော်မူသည်ဟူ၍၎င်း၊ ငါတို့သည်သဘောထားလျက်၊
> ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက်သွေးဆောင်၏။
> သို့ဖြစ်လျှင်၊ ယခုမှစ၍ ငါတို့သည် ဇာတိအမျိုးကိုထောက်၍
> အဘယ်သူကိုမျှမသိမှတ်။…လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်
> အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍
> ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ (၂ ကောရိန္သု ၅:၁၅-၁၇)။

ယုံကြည်သူများသည် လွန်ခဲ့သည့်အချိန်တွင်ပြုသကဲ့သို့ ဇာတိပကတိ သို့မဟုတ် လောကစံနှုန်းများနှင့်မိမိတို့ကိုယ်ကို သို့မဟုတ် အခြားသူများကို အကဲဖြတ်ခြင်းမပြုသင့်ကြောင်း ပေါလုအခိုင်အမာဆိုခဲ့သည်။ ၎င်းအစား၊ ယုံကြည်သူအားလုံးသည် ခရစ်တော်၌စည်းလုံးညီညွတ်ပြီး၊ ခရစ်တော်၌ ဖန်ဆင်းခြင်းအသစ်တွင်ပါဝင်သူများအဖြစ် ရှုမြင်စေလိုသည်။ ထိုအကြောင်းကြောင့်၊ သူတို့သည် သခင်ဘုရားအားပြသမည့် ဘုန်းအသရေနှင့် ချစ်ခြင်းမေတ္တာကို အချင်းချင်းအားလည်းပြသကြရမည်ဖြစ်သည်။ အမှန်တကယ်တွင်၊ ပေါလုသည် ကောရိန္သုသြဝါဒစာတွင် ဤကိုျးကြောင်းဆင်ခြင်မှုမျဉ်းကို အကြိမ်ကြိမ်ဖော်ပြခဲ့သည်။ ၁ ကောရိန္သု ၈:၁၁-၁၂ တွင် ဤကိစ္စနှင့်ပတ်သက်၍ သူ၏ဆွေးနွေးချက်ကို နားထောင်ပါ_

> ထိုသို့ဖြစ်လျှင်၊ အကြင်ညီအစ်ကိုအဘို့အလို့ငှါ ခရစ်တော်သည်
> အသေခံတော်မူ၏။ အားနည်းသော ထိုညီအစ်ကိုသည်
> သင်၏ဉာဏ်ကြောင့်ပျက်စီးခြင်းသို့ ရောက်ရပါသည်တကား၊ သင်တို့သည်၊
> ညီအစ်ကိုတို့ကို ထိုသို့ပြစ်မှား၍ သူတို့၌ ကိုယ်ကိုကိုယ်သိသော
> အားနည်းသောစိတ်ကို ထိခိုက်သောအခါ၊ ခရစ်တော်ကိုလည်း
> ပြစ်မှားရာသို့ရောက်၏ (၁ ကောရိန္သု ၈:၁၁-၁၂)။

ယုံကြည်သူများသည် ခရစ်တော်၌စည်းလုံးခြင်းကြောင့် ယုံကြည်သူချင်းအား ပြစ်မှားခြင်းသည် ခရစ်တော်ကို ပြစ်မှားခြင်းဖြစ်သည်ဟု ပေါလုသွန်သင်ခဲ့သည်။ ၁ ကောရိန္သု ၁၁:၂၄-၂၇ တွင် သူသည် သခင်ဘုရား၏ညစာစားပွဲအတွင်း ဆင်းရဲသားများကိုအရှက်မခွဲရန်

အခွင့်ထူးခံသူများကိုသွန်သင်သောအခါ အလားတူတင်ပြမှုကို ထုတ်ဖော်ပြခဲ့သည်။ ရှင်ပေါလုရေးသည်မှာ

> ဤမုန့်ကား၊ သင်တို့အဘို့အလို့ငှါ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏။
> ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု
> မိန့်တော်မူ၏။...ဤခွက်ကား
> ငါ၏အသွေး၌တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကို
> သောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဘို့ရာ သောက်ကြလော့...ထိုကြောင့်
> သခင်ဘုရား၏မုန့်နှင့်ခွက်ကို မထိုက်မတန်ဘဲ
> စားသောက်သောသူမည်သည်ကား၊ သခင်ဘုရား၏ကိုယ်တော်နှင့်
> အသွေးတော်ကို ပြစ်မှားရာရောက်၏ (၁ ကောရိန္သု ၁၁:၂၄-၂၇)။

ဤကျမ်းပိုဒ်တွင်၊ ယေရှုသည်မိမိကိုယ်ကို ချမ်းသာကြွယ်ဝသူ၊ တန်ခိုးကြီးသူအတွက်သာမဟုတ်ဘဲ၊ အားလုံးအတွက်ပေးခဲ့ကြောင်း ကောရိန္သုမြို့သားများအား ပေါလုသတိပေးခဲ့သည်။ နောင်ကာလ၏ကောင်းချီးမင်္ဂလာများကို ယုံကြည်သူအားလုံးညီတူညီမျှရရှိထားသော ခရစ်တော်အားဖြင့်သာလျှင် ခံရကြကြောင်းကို သူသတိပေးခဲ့သည်။ ဤအကြောင်းကြောင့်၊ ဆင်းရဲသား သို့မဟုတ် အခြားယုံကြည်သူများအား ညှဉ်းပန်းနှိပ်စက်ကာ၊ မထိုက်တန်သောနည်းဖြင့် ညစာစားပွဲတွင်ပါဝင်ခြင်းသည် ယေရှုကိုယ်တော်တိုင်အား ပြစ်မှားခြင်းဖြစ်သည်။

ကောရိန္သုသြဝါဒစာတစ်လျှောက်တွင်၊ ပေါလုသည် အခြားယုံကြည်သူများအား ချီးမြှောက်ခြင်း၊ တန်ဖိုးထားခြင်းနှင့် အမှုဆောင်ခြင်း၏အခြေခံအဖြစ် ခရစ်တော်နှင့်ပေါင်းစည်းခြင်းအကြောင်းကို အစဉ်ထောက်ပြခဲ့သည်။ ၁ ကောရိန္သု ၁၂:၁၂ တွင်လူ့ခန္ဓာကိုယ်၏အစိတ်အပိုင်းများသည် အချင်းချင်းမှီခိုအားထားသည့်နည်းအတိုင်း၊ ယုံကြည်သူများအချင်းချင်းမှီခိုသည်ဟု ရေးသားရာတွင် ၎င်းကိုသူဖော်ပြခဲ့သည်။ ၂ ကောရိန္သု ၁:၅ တွင် ခရစ်တော်၏နှစ်သိမ့်မှု၌ယုံကြည်သူများ ပါဝင်မည့်အကြောင်း တိုက်တွန်းသောအခါတွင် ၎င်းကိုထပ်မံဖော်ပြခဲ့သည်။ ကောရိန္သုအသင်းတော်ထံပေးသော သူ၏စာများတွင် ပေါလုဖော်ပြသည့်နည်းလမ်းတိုင်း ဤအကြံအယူအဆများကိုဖော်ပြရန် အချိန်မလုံလောက်သောကြောင့်၊ ကျွန်ုပ်တို့သည် သူ၏တွေးခေါ် ပုံကို ဤသို့အကျဉ်းချုပ်ကာဖော်ပြပါမည်_ ယုံကြည်သူများသည် ခရစ်တော်နှင့်ပေါင်းစည်းခြင်းအားဖြင့်သာ နောင်ကာလ၏ကောင်းချီးမင်္ဂလာများတွင် ပါဝင်ကြသည်။ ကျွန်ုပ်တို့သည် ဤသမ္မာတရားကို အသိအမှတ်ပြုသောအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်အား မှန်ကန်သောဘုန်းအသရေကိုပေးနိုင်မည်ဖြစ်ပြီး၊ အခြားသူများအပေါ် မာနထောင်လွှားမှုကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ပေါလု၏ဓမ္မပညာဆိုင်ရာအမြင်များသည် ယုံကြည်ခြင်းကို အလေးပေးရုံသာမက၊ ကောရိန္သုမြို့သားများ၏မျှော်လင့်ချက်သည် ၎င်းတို့လက်ရှိခံစားရသောကောင်းချီးမင်္ဂလာများ၌မဟုတ်၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့်နိုင်ငံတော်၏အနာဂတ်ပြည့်စုံမှုတွင်ဖြစ်ကြောင်းသတိပေးခြင်းဖြင့်၊ သူတို့၏လွဲမှားသောအမြင်များကို ပေါလုပြုပြင်ပေးသည်။

## မျှော်လင့်ချက်

ကောရိန္သုမြို့သားအများသည် နောင်ကာလ၏ကောင်းချီးမင်္ဂလာအချို့ကို ခံစားနေကြသော်လည်း၊ အပြစ်တရားနှင့်သေခြင်း၏မျက်မှောက်ကာလသည် မကုန်ဆုံးသေးပါ။ ၁ ကောရိန္သု ၇:၃၁ တွင် ပေါလုရေးခဲ့သည့်အတိုင်း “ဤလောက၏ အဆင်းသဏ္ဍာန်သည်ရွေ့သွားကွယ်ပျောက်တတ်၏။" တစ်နည်းဆိုရသော်၊ နောင်ကာလသည် အစပြုခဲ့သော်လည်း ဤကာလသည် “ရွေ့သွားကွယ်ပျောက်” ဆဲဖြစ်သည်။ ၁ ကောရိန္သု ၂:၆ တွင် “ပြယ်ပျောက်တတ်သောလောကီမင်း” ဟု အလားတူဖော်ပြချက်တစ်ခုကို ရေးသားခဲ့သည်။ သူတို့သည် အဆုံးသို့မရောက်သေးပါ။

၁ ကောရိန္သု ၁၅:၅၀ တွင် ပေါလုက “လူအသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံနိုင်”ဟုဆိုသည်။ ကောရိန္သုမြို့သားများက သူတို့သည် အသွေးအသားရှိဆဲဖြစ်ကြောင်း သိထားသည်မှာမှန်ပါသည်၊ ထို့ကြောင့် သူတို့၏လက်ရှိဖြစ်တည်မှုအခြေအနေတွင် သူတို့၏ထာဝရဆုလာဘ်များကို အပြည့်အဝမရရှိခဲ့ကြောင်း ဤထုတ်ပြန်ချက်က ဖော်ပြသည်။ ခရစ်တော်ပြန်ကြွလာသောအခါ၊ ရောက်ရှိလာမည့်အရာအတွက် သူတို့ဆက်လက်မျှော်လင့်နေရသည်။ အလားတူ၊ ၁ကောရိန္သု ၄:၈ တွင် ကောရိန္သုလူများသည် ခရစ်တော်နှင့်အတူ စိုးစံခြင်းမပြုသေးကြောင်း ပေါလုငြင်းခုံခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ခရစ်တော်နှင့်အတူစိုးစံခြင်းသည် နောင်ကာလ၏ပြည့်စုံခြင်းတွင် ဘဝ၏အခြားသောကဏ္ဍတစ်ခုဖြစ်သည်။

မျှော်လင့်ချက်၏အယူဝါဒနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပေါလု၏အရှည်ကြာဆုံးတင်ပြမှုကို ကောရိန္သုသြဝါဒစာပဌမစောင် ၁၅ တွင် တွေ့ရှိနိုင်သည်။ ၎င်းတွင် အနာဂါတ်တွင် ယုံကြည်သူအားလုံး၏ ကိုယ်ခန္ဓာပြန်ထမြောက်ခြင်း၏အရေးပါမှုကို လက်မခံသူများအား ပေါလုငြင်းဆိုခဲ့သည်။ ကောရိန္သုအသင်းတော်အတွင်းရှိ အချို့သောသူများက သူတို့သည် နောင်ကာလ၏အကျိုးကျေးဇူးများစွာကို အမှန်တကယ်ခံစားနေကြပြီဖြစ်ကြောင်း ယုံကြည်ကြသည်။ ရလဒ်အနေဖြင့်၊ ယုံကြည်သူများ၏အနာဂတ်ရှင်ပြန်ထမြောက်ခြင်းတွင်ဖြစ်ပေါ်လာမည့် ဘုန်းအသရေ၏အရေးပါမှုကို သူတို့မေ့လျော့ခဲ့ကြသည်။ သို့သော် ကောရိန္သုသြဝါဒစာပဌမစောင် ၁၅ တွင်၊ ပေါလုက အချို့သော ကြီးမားသောဖြစ်ရပ်များ၊ မယုံနိုင်လောက်အောင် ထူးခြားသောပြောင်းလဲမှုများသည် နောင်ကာလ၏ကောင်းချီးမင်္ဂလာများ အပြည့်အဝမရရှိမီ ဆက်လက်ဖြစ်ပွားရဦးမည်ဟု ရှင်းလင်းစွာဖော်ပြထားသည်။

ပေါလုသည် ၁ ကောရိန္သု ၁၅:၂၂-၂၄ တွင် ဤသိသာထင်ရှားသောပြောင်းလဲမှုများကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။

> လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့။
> သို့ရာတွင် လူအသီးအသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။

> ခရစ်တော်သည် အဦးအသီးသောအသီးဖြစ်တော်မူ၏၊ ခရစ်တော်သည် ကြွလာတော်မူသောအခါ၊ တပည့်တော်ဖြစ်သောသူတို့သည် ရှင်ခြင်းသို့ရောက်ကြလိမ့်မည်။ ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ်အာဏာတန်ခိုးအမျိုးမျိုးကိုပယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့ (၁ ကောရိန္သု ၁၅:၂၂-၂၄)။

ယုံကြည်သူများသည် ခရစ်တော်ကဲ့သို့ သေခြင်းမှထမြောက်မည်ဖြစ်သော်လည်း၊ ခရစ်တော်ပြန်ကြွလာချိန်တိုင် ၎င်းတို့၏ရှင်ပြန်ထမြောက်ခြင်းသည် ဖြစ်ပျက်မည်မဟုတ်ပါ။ ထို့နောက်၊ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုန်းထင်ရှားသောကိုယ်ခန္ဓာကို ခံယူသကဲ့သို့၊ သူတို့သည် ရရှိကြလိမ့်မည်။

> ကျွန်ုပ်တို့ခရစ်ယာန်များ စောင့်မျှော်ရမည့် ကြီးမြတ်သောအရာများထဲမှတစ်ခုမှာ ခန္ဓာကိုယ်၏ရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာ၏မျှော်လင့်ချက်မျိုးဖြစ်သည်… ထို့ပြင် ကျွန်ုပ်တို့၏အဆုံးစွန်သော ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအာမခံချက်တွင် အခြေခံထားသည်။ ဤသည်မှာ ကောရိန္သုသြဝါဒစာပဌမစောင် ၁၅ တွင် ပေါလုဖော်ပြသည့်ကြီးမားသော တင်ပြချက်ဖြစ်သည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် အဦးအသီးသောအသီးဖြစ်သည်ဟု သူဆိုသည်။ ဤသည်မှာ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် အစီအစဉ်တွင်ပထမဆုံးဖြစ်ခြင်းသာမက၊ နောင်လာမည့်အရာအားလုံးကို အာမခံချက်ပေးသည့်အရာလည်း ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ထမြောက်ခဲ့ပြီး ကျွန်ုပ်တို့သည်ကိုယ်တော်နှင့်အတူ အသေအချာထမြောက်မည်ဖြစ်၍၊ ကျွန်ုပ်တို့အားအနာဂတ်အတွက် မယုံနိုင်လောက်အောင် တိကျသေချာသော မျှော်လင့်ချက်ကိုပေးထားသည်။
>
> **Dr Douglas Moo**

ခရစ်တော်၏ပြန်လည်ကြွလာခြင်းနှင့် ယုံကြည်သူများ၏ရှင်ပြန်ထမြောက်ခြင်းသည် မျက်မှောက်ကာလ၏အုပ်ချုပ်မှု၊ အခွင့်အာဏာနှင့် တန်ခိုး၏အဆုံးကို အချက်ပြမည်ဖြစ်သည်။ ခရစ်တော်ပြန်လည်မကြွလာသေး၊ ရှင်ပြန်ထမြောက်ခြင်းမဖြစ်သေး၊ ကောရိန္သုမြို့သားများ—သူတို့ထင်မြင်ယူဆထားလင့်ကစား—ဘုန်းအသရေ၌အသက်မရှင်သေးပါ။ ပေါလုသည် ၁ ကောရိန္သု ၁၅:၁၉ တွင် ရေးသားခဲ့သည့်အတိုင်း_

> ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာရှိလျှင်၊ အခြားသောသူအပေါင်းတို့ထက် သာ၍ဆင်းရဲသောသူဖြစ်ကြ၏ (၁ ကောရိန္သု ၁၅:၁၉)။

ပစ္စုပ္ပန်ကမ္ဘာ၏ယာယီသဘောသဘာဝကို ရှင်းလင်းစွာပြောဆိုခြင်းဖြင့် ပေါလုသည် ယခုအချိန်တွင် ကောရိန္သုမြို့သားတို့၏ဘဝနှင့်ပတ်သက်သည့် လက်တွေ့ကျသောအမြင်ကို သူတို့အားပေးရန် မျှော်လင့်ခဲ့သည်။ ထို့ပြင် ဤလက်တွေ့ကျသောအမြင်သည် အသင်းတော်အတွင်း ပြဿနာများစွာကို ဖြစ်ပေါ်စေခဲ့သော မာနထောင်လွှားမှုကို နောင်တရစေမည်ဟု သူမျှော်လင့်ခဲ့သည်။

ယုံကြည်ခြင်းနှင့် မျှော်လင့်ချက်ကို ထည့်သွင်းစဉ်းစားပြီးနောက်၊ နောက်ဆုံးသောကာလနှင့်ပတ်သက်သော ပေါလု၏ဓမ္မပညာဆိုင်ရာနောက်ဆုံးအမြင်ဖြစ်သည့် ချစ်ခြင်းမေတ္တာ၏အရေးပါမှုကို ဖော်ပြပါမည်။

## ချစ်ခြင်းမေတ္တာ

ယေဘူယျအားဖြင့်၊ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာကို ဘုရားသခင်၏ပညတ်တရားတစ်ခုလုံး၏အကျဉ်းချုပ်အဖြစ် ယူဆသော်လည်း၊ နောက်ဆုံးသောကာလ၏အကြောင်းအရာတစ်ခုအဖြစ် မယူဆပါ။ မည်သို့ပင်ဆိုစေကာမူ၊ ချစ်ခြင်းမေတ္တာသည် နောင်ကာလအတွက်အရေးကြီးသကဲ့သို့ပင် မျက်မှောက်ကာလတွင်လည်း အရေးကြီးပါသည်၊ ပေါလုအတွက်လည်း ချစ်ခြင်းမေတ္တာသည် "နောင်ကာလဆိုင်ရာသီလ"ဖြစ်သည်။ ဆိုလိုသည်မှာ၊ ၎င်းသည် သူ၏နောက်ဆုံးသောကာလဆိုင်ရာဓမ္မပညာတွင် အဓိကအကြောင်းအရာဖြစ်သည်။

ကောရိန္သုသြဝါဒစာပဌမစောင် ၁၃ တွင် သူ၏ထင်ရှားသော "ချစ်ခြင်းမေတ္တာအခန်း" တွင် တည်မြဲသောမေတ္တာတန်ဖိုးနှင့်ပတ်သက်၍ ပေါလု၏တင်ပြမှုကို သုံးသပ်ကြည့်ပါ။ အခန်းငယ် ၈-၁၃ တွင် သူသည် ဤထင်ရှားသောစကားလုံးများကို ရေးသားခဲ့သည်_

> မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သောအခွင့်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း၊ ကွယ်ပျောက်လိမ့်မည်။ ယခုမူကား၊ ငါတို့သည် မစုံမလင် သိတတ်ကြ၏။ ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။ စုံလင်ခြင်းသို့ ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်။...ယခုတွင်ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း (၁ ကောရိန္သု ၁၃:၈-၁၃)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကျမ်းပိုဒ်က ညွှန်ပြသည့်အတိုင်း၊ မျက်မှောက်ကာလ၏ကဏ္ဍများစွာသည် နောင်ကာလ၏ပြီးပြည့်စုံမှုသို့ ရောက်ရှိသောအခါတွင် ဆက်လက်တည်ရှိနေမည်မဟုတ်ပါ။ သူတို့ပြောသောစကားများသည် ကျွန်ုပ်တို့ရှေ့တွင်ရှိနေသောအခါ ပရောဖက်ဉာဏ်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း မည်သည့်အရာမျှ အသုံးမဝင်ပါ။ ထိုနည်းအတူပင်၊ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းကဲ့သို့သော မြင့်မြတ်သောခရစ်ယာန်သီလများသည် နောင်ကာလ၏ပြည့်စုံမှုတွင် အမှန်တကယ်နေရာမရှိပါ။

မျက်မှောက်ကာလတွင်၊ မမြင်သောအရာအပေါ် ကျွန်ုပ်တို့ယုံကြည်ခြင်းသည် ယုံကြည်သူတိုင်းအတွက် အရေးကြီးပါသည်။ သို့သော် ခရစ်တော်သည် ရုပ်ပိုင်းဆိုင်ရာအရ ကျွန်ုပ်တို့နှင့်အတူရှိရန် ပြန်လည်ရောက်ရှိလာကာ၊ ကျွန်ုပ်တို့ကို သေခြင်းမှထမြောက်စေပြီး သူ၏နိုင်ငံတော် ပြည့်စုံလာသည်နှင့်တပြိုင်နက် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကို ဆက်လက်ထိန်းသိမ်းရန် မလိုအပ်တော့ပါ။ အမှန်တရားသည် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဖြစ်သည်။ အလားတူပင်၊ ယခု ခရစ်ယာန်အသက်တာတွင် မျှော်လင့်ခြင်းသည် အရေးကြီးသည်။ ယခု ကျွန်ုပ်တို့သည် စိတ်ဓာတ်ကျခြင်းနှင့်အတူ ရုန်းကန်နေရချိန်၊ နောင်ကာလတွင် ကျွန်ုပ်တို့ရရှိမည့် အံ့ဖွယ်ကောင်းချီးမင်္ဂလာများကို မျှော်လင့်ထားရမည်ဖြစ်သည်။ သို့သော် ခရစ်တော်ပြန်ကြွလာသောအခါ ထိုကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့ရရှိသည်နှင့်တပြိုင်နက်၊ ၎င်းတို့ကိုကျွန်ုပ်တို့မျှော်လင့်နေရန် မလိုအပ်တော့ပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ထာဝစဉ်ပျော်မွေ့နေမည်ဖြစ်သည်။

ဤအခန်းတွင် ပေါလုဖော်ပြသော ဝိညာဉ်ဆုကျေးဇူးများနှင့် ခရစ်ယာန်သီလများအားလုံးတွင်၊ ချစ်ခြင်းမေတ္တာသည်သာ နောင်ကာလ၏ပြည့်စုံမှုတွင် ဆက်လက်ထင်ရှားပြီး မြတ်နိုးတန်ဖိုးထားခံရမည် ဖြစ်သည်။ ယခု ကျွန်ုပ်တို့ချစ်ကြသည်၊ နောင်လည်း ချစ်ကြမည်ဖြစ်သည်။ ယခုကျွန်ုပ်တို့သည် ချစ်ခြင်းခံကြရသည်၊ နောင်လည်း ခံစားကြရမည်ဖြစ်သည်။ ယခု ခရစ်ယာန်မေတ္တာသည် နောင်ကာလ၏ကောင်းချီးမင်္ဂလာများတွင် အကြီးမားဆုံးပါဝင်မှုဖြစ်သည်။ အမှန်တကယ်တွင်၊ ၎င်းသည် ထိုကောင်းချီးမင်္ဂလာများ၏အကြီးမားဆုံးဖော်ပြချက်ဖြစ်သည်။ သို့သော် ပေါလုသည် ကောရိန္သုမြို့ရှိ ပြဿနာများအတွက် ချစ်ခြင်းမေတ္တာ၏နောင်ကာလဆိုင်ရာသီလကို မည်သို့ကျင့်သုံးခဲ့သနည်း။ သူလုပ်ဆောင်ခဲ့သည့်နည်းလမ်းများစွာကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ဥပမာ၊ နတ်ဘုရားများ၏ဗိမာန်တော်များမှ အစာများကိုမစားရန် အသိပညာပိုရှိသော ထိုယုံကြည်သူများကို သူတိုက်တွန်းခဲ့သည်။ ဤနည်းအားဖြင့်၊ ရုပ်တုကိုးကွယ်ခြင်းတွင် ပါဝင်ပတ်သက်ရန် ဤအပြုအမူအားဖြင့် အားပေးခြင်းခံရနိုင်သည့် အားနည်းသောခရစ်ယာန်များကို မေတ္တာပြခဲ့ကြသည်။ ၁ ကောရိန္သု ၈:၁ တွင် ပေါလုရေးသားခဲ့သည်ကို နားထောင်ပါ_

> ရုပ်တုရှေ့၌ပူဇော်သောယဇ်ကောင်အရာမှာ၊ ငါတို့ရှိသမျှသည် ပိုင်းခြားတတ်သောဉာဏ်ရှိသည်ကို ငါတို့သိကြ၏။ ဉာဏ်သည်

ထောင်လွှားစေတတ်၏။ မေတ္တာမူကား တည်ဆောက်တတ်၏ (၁ ကောရိန္သု ၈:၁)။

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ရုပ်တုအစာမစားခြင်းနှင့်ပတ်သက်၍ ပေါလု၏လမ်းညွှန်ချက်သည် ခရစ်ယာန်မေတ္တာ၏သီလ၌ ခိုင်မြဲစွာအခြေခံထားပါသည်။ ပေါလုသည် သူ၏တမန်တော်ဖြစ်ခြင်းကို ကာကွယ်သောအခါ၌လည်း ချစ်ခြင်းမေတ္တာကို ပြင်းထန်စွာပြောဆိုခဲ့သည်။ ဥပမာ၊ ၂ ကောရိန္သု ၅:၁၄-၁၅ တွင်၊ သူအဘယ်ကြောင့် အမှုတော်ထမ်းခဲ့သည်ကိုရှင်းပြသောအခါ၊ သူရေးသားခဲ့သည်မှာ_

> အကြောင်းမူကား၊ တယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင်၊ လူအပေါင်းတို့သည် သေလျက်နေကြသည်ဟူ၍၎င်း၊ အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့်အသေခံပြီးမှ ထမြောက်တော်မူသော သူတို့၏အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်ဟူ၍၎င်း၊ ငါတို့သည်သဘောထားလျက်၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက်သွေးဆောင်၏ (၂ ကောရိန္သု ၅:၁၄-၁၅)။

တစ်နည်းဆိုရသော်၊ ချစ်ခြင်းမေတ္တာသည် ပေါလုအား လေ့ကျင့်သင်ကြားထားသောဟောပြောသူများ၊ ကြေးစားပရောဖက်များ၏ပုံစံများနှင့်မတူသောနည်းများဖြင့် အမှုဆောင်ရန် တွန်းအားပေးခဲ့သည်။ သူ၏ဆန္ဒမှာ၊ ယုံကြည်သူအားလုံး ခရစ်တော်ကိုချစ်သကဲ့သို့ အချင်းချင်းချစ်လာရန်ဖြစ်သည်။

ကောရိန္သုမြို့အခြေအနေအပေါ် ချစ်ခြင်းမေတ္တာတရားကို ကျင့်သုံးသည့် ပေါလု၏အထူးခြားဆုံးသောစံနမူနာများထဲမှတစ်ခုမှာ ဝိညာဉ်ဆုကျေးဇူးများနှင့်စပ်လျဉ်းသည့် သူ၏လမ်းညွှန်ချက်များဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အံ့ဖွယ်နည်းများဖြင့် ကောရိန္သုလူများအား ဆုကျေးဇူးပေးခဲ့သော်လည်း၊ အခြားသောဘာသာစကားပြောခြင်း၊ ပရောဖက်ပြုခြင်း၊ ဉာဏ်ပညာနှင့် အံ့ဖွယ်အမှုများလုပ်ဆောင်ခြင်းကဲ့သို့သော ကြီးကျယ်ခမ်းနားသော ဆုကျေးဇူးရရှိသူများ၏ မာနထောင်လွှားမှုသည် ထူးခြားသောဆုကျေးဇူးမရရှိသူများကို တန်ဖိုးမထားမှုဖြစ်စေသည်။ ဤအခြေအနေကိုကုစားရန် ပေါလုမျှော်လင့်ထားသည့် နည်းလမ်းတစ်ခုမှာ ဆုကျေးဇူးများအားလုံး—ကြီးကျယ်ခမ်းနားသောနှင့် အခြားများ—သည်မေတ္တာ၌ မကျင့်သုံးပါက အသုံးမဝင်၊ စိတ်အနှောက်အယှက်ဖြစ်နိုင်ကြောင်း ထောက်ပြခြင်းဖြင့်ဖြစ်သည်။

> အသင်းတော်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးအခန်းကဏ္ဍနှင့်ပတ်သက်လာလျှင်၊ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အသင်းတော်တည်ဆောက်ရန်အတွက် အသုံးပြုသင့်သည်ဟု
> တမန်တော်ပေါလုက အခိုင်အမာပြောဆိုခဲ့သည်။
> ဓမ္မသစ်ကျမ်း၏အစိတ်အပိုင်းအသီးသီးတွင်တွေ့မြင်ရသည်မှာ
> သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို
> ကိုယ်ကျိုးအတွက်ပေးခြင်းမဟုတ်၊ အသင်းတော်ကိုတည်ဆောက်ရန်အတွက်
> ပေးခြင်းဖြစ်သည်… ဝိညာဉ်ဆုကျေးဇူးများကို အခြားယုံကြည်သူများထက်
> သာလွန်မှုအမှတ်အသားအဖြစ် ဘယ်သောအခါမှ မရှုမြင်သင့်ပါ။
> ကောရိန္သုဩဝါဒစာပဌမစောင် ၁၂ တွင် တမန်တော်ပေါလုသည်
> ကောရိန္သုမြို့သားများကြားတွင် ဖော်ပြထားသည့် အခြေအနေတစ်ခုကို
> တည့်မတ်ပေးခဲ့သည်။ သူတို့အားလုံးသည်
> ဝိညာဉ်တော်၏သာ၍ကြီးကျယ်ခမ်းနားသော ဆုကျေးဇူးများရရှိရန်
> ကြိုးပမ်းခဲ့ကြသည်။ သို့သော်၊ သူက
> သာ၍မွန်မြတ်သောနည်းလမ်းတစ်ခုရှိကြောင်း၊ ၎င်းသည်
> ချစ်ခြင်းမေတ္တာနည်းလမ်းဖြစ်ကြောင်း သူတို့ကိုပြောပြသည်။
> တစ်နည်းဆိုရသော်၊ အသင်းတော်၏အမှုတော်ကိုမေတ္တာဖြင့် မထမ်းဆောင်ပါက၊
> ကြီးကျယ်ခမ်းနားသော ဆုကျေးဇူးများ ရရှိခြင်းသည် အသုံးမဝင်ပေ၊ ထို့ကြောင့်
> ထိုရည်ရွယ်ချက်အတွက် သန့်ရှင်းသောဝိညာဉ်တော်က အတိအကျပေးခဲ့သော
> ဤဆုကျေးဇူးများကို ကျင့်သုံးခြင်းအားဖြင့် အသင်းတော်သည်
> ရင့်ကျက်ကြီးထွားနိုင်မည်ဖြစ်သည်။

**Dr David Correa, translation**

၁ ကောရိန္သု ၁၃:၁-၂ တွင် ရေးထားသကဲ့သို့

> ငါသည် လူဘာသာစကားကိုဎ်၊ ကောင်းကင်တမန်ဘာသာစကားကိုဎ်
> ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သောတံပိုးခရာကဲ့သို့ဎ်၊
> တီးသံကိုသာပေးတတ်သော လင်းကွင်းကဲ့သို့ဎ်ဖြစ်၏။
> ပရောဖက်ဉာဏ်ကိုငါရ၍၊ နက်နဲသောအရာရှိသမျှတို့နှင့်
> သိပ္ပံအတတ်အမျိုးမျိုးကိုတတ်သော်ဎ်၊ တောင်များကိုရွှေ့နိုင်သော
> ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်ဎ်၊ မေတ္တာမရှိလျှင်
> အချည်းနှီးသက်သက်ဖြစ်၏ (၁ ကောရိန္သု ၁၃:၁-၂)။

ပရောဖက်ပြုခြင်း၊ အခြားသောဘာသာစကားပြောခြင်း၊ သဘာဝလွန်အသိပညာနှင့် အံ့ဖွယ်အမှုလုပ်နိုင်သော ယုံကြည်ခြင်းအားလုံးသည် လောကအမြင်ဖြင့် အကဲဖြတ်သည့်အခါ အထင်ကြီးစရာဖြစ်သည်။ သို့သော် လက်တွေ့တွင်၊ ၎င်းတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်သူများ၏ဝိညာဉ်ရေးအကျိုးအတွက်ပေးခြင်းဖြစ်ပြီး၊ သူတို့၏လောကတန်ဖိုး သို့မဟုတ် ပျော်ရွှင်မှုအတွေ့အကြုံအတွက် ပေးအပ်ခြင်းမဟုတ်ပါ။ ၎င်းတို့ကို မေတ္တာဖြင့် အသုံးပြုခြင်းမရှိပါက၊ ဝိညာဉ်ဆုကျေးဇူးများသည် ဝိညာဉ်ရေးကောင်းချီးမင်္ဂလာများကို ပေးဆောင်မည်မဟုတ်ပါ။ ဤတွင်၊ ချစ်ခြင်းမေတ္တာအပေါ် ပေါလု၏အလေးပေးမှုသည် သူ၏နောက်ဆုံးသောကာလ၏လက်တွေ့ကျသောကျင့်သုံးမှုတစ်ခုဖြစ်သည်ကို တစ်ဖန်တွေ့မြင်ရသည်။ အသင်းတော်ရှိ ဝိညာဉ်ဆုကျေးဇူးများစွာက နောင်ကာလသည်စတင်နေပြီဖြစ်ကြောင်း သက်သေပြသည်။ သို့သော် ဤဆုကျေးဇူးများကို ချစ်ခြင်းမေတ္တာ၌ အသုံးပြုသောအခါမှသာ အသင်းတော်အား နောင်ကာလ၏ကောင်းချီးမင်္ဂလာများတွင် ပါဝင်နိုင်စေခြင်းဖြင့်၊ မျက်မှောက်ကာလ၏ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေပါသည်။

# နိဂုံး

ဤသင်ခန်းစာတွင်၊ ဂလာတိအသင်းတော်များတွင် ဖြစ်ပေါ်လာသောပြဿနာများကို ပေါလု မည်သို့တုံ့ပြန်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ကောရိန္သုခရစ်ယာန်များနှင့် သူ၏ဆက်ဆံရေး၏နောက်ခံသမိုင်းနှင့် ၎င်းတို့ထံပေးပို့သော သူ၏ကျမ်းများ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ကျွန်ုပ်တို့သုံးသပ်ထားပါသည်။ နောက်ဆုံးတွင်၊ ပေါလုသည် ၎င်းတို့၏နောက်ဆုံးသောကာလအား နားလည်မှုလွှန်ကဲခြင်းကို ပြုပြင်ရန်၊ နောင်တရရန်၊ အချင်းချင်းအပေါ် နှိမ့်ချမှုကို လေ့ကျင့်ရန်နှင့် နောင်ကာလ၏ပြည့်စုံမှုကိုတောင့်တသည့်အတိုင်း အချင်းချင်းချစ်ကြရန်တောင်းဆိုခြင်းဖြင့်၊ သူတို့၏ပြဿနာများနှင့်ပတ်သက်၍ သူ၏ဓမ္မပညာဆိုင်ရာအမြင်များကို မည်သို့ကျင့်သုံးသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည်။

ကောရိန္သုအသင်းတော်ရှိပြဿနာများကိုပေါလုမည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို သုံးသပ်ခြင်းဖြင့်၊ ယနေ့သူ၏သွန်သင်ချက်များသည် ကျွန်ုပ်တို့အား မည်သို့သွန်သင်ပေးသည်ကို သိရှိနားလည်လာပါသည်။ ယနေ့ ခရစ်ယာန်များစွာသည် ထင်သင့်သည်ထက် မိမိတို့ကိုယ်ကို ပို၍အထင်ကြီးကြသည်။ သူတို့သည် လောက၏စံနှုန်းများဖြင့် မိမိကိုယ်ကို ဆင်ခြင်သုံးသပ်ခြင်းဖြင့်၊ အခြားသူများအပေါ် ဂုဏ်ယူဝင့်ကြွားမှု အပြည့်ရှိကြသည်။ ယနေ့ကမ္ဘာတစ်ဝှမ်းရှိ ခရစ်ယာန်အသင်းတော်များသည် သဘောထားကွဲလွဲမှုများ၊ ပြိုင်ဆိုင်ခြင်းများနှင့် ရန်းကန်နေရဆဲဖြစ်သည်။ အချို့တို့သည် ပေါလုကဲ့သို့သော ခရစ်တော်၏ပရောဖက်များနှင့် တမန်တော်အချို့ကိုပင် လျစ်လျူရှုခြင်း သို့မဟုတ် ရှုတ်ချခြင်းပင်ပြုကြသည်။ သို့သော် ဤမျက်မှောက်ကာလတွင် ကျွန်ုပ်တို့ရရှိသောအရာများအပေါ် ဝါကြွားနိုင်စေရန်အတွက် ခရစ်တော်သည်လက်ဝါးကပ်တိုင်တွင်အသေခံပြီး၊ အသစ်သောအသက်တာသို့ ရှင်ပြန်ထမြောက်ခဲ့ခြင်းမဟုတ်ပါ။ ပေါလုသည် သူ၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောရိန္သုဩဝါဒစာတွင် မည်သို့ကျင့်သုံးသည်ကို နားထောင်သည့်အခါ၊ အချင်းချင်းချစ်ကြရန်နှင့် ခေတ်ကာလကုန်ဆုံးချိန်တွင် ခရစ်တော်ပြန်လည်ကြွလာသောအခါ မည်သည့်အရာယူဆောင်လာမည်ကို အာရုံစူးစိုက်ကာ ယနေ့အသက်ရှင်နေထိုင်ရန် ကောရိန္သုမြို့သားတို့ကို သူပြုတော်မူသကဲ့သို့ ကျွန်ုပ်တို့ကို တိုက်တွန်းနှိုးဆော်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။